# ကချင်တိုင်းရင်းသားလူမျိုးစုလော်ဝေါ်တိုင်းရင်းသားတို့၏ ရာသီပွဲတော်များ

လော်ဝေါ်တိုင်းရင်းသားလူမျိုးများတွင် ရာသီအလိုက် ကျင်းပသော ပွဲတော်များရှိသည်။ မိမိတို့မျိုးနွယ်စုများ၏ လူမှုဓလေ့ထုံးစံများကို အခြေခံ၍လည်းကောင်း၊ စိုက်ပျိုးရေး လုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများကို အခြေခံ၍ လည်းကောင်း ရာသီပွဲတော်များကို ကျင်းပလေ့ရှိသည်။

## (က) မီးဘော်ပွဲ

နှစ်စဉ်ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ကျင်းပသည်။ တစ်နှစ်တာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် နေ့ရက်တစ်ရက် ရွေးချယ်ကာရွာ ထိပ်ရှိ "လွမ့်ရှိန်" ခေါ် နတ်စင်တွင် တစ်ရွာလုံး စုဝေး ကာ ယစ်ကောင်များဖြင့် ပူဇော်ကြသည်။ ထို့နောက် တောင်ယာခုတ်မည့်နေရာကို ဗေဒင်ကြည့်ကာ အမှတ် အသားပြုပြီး ပျော်ပျော်ပါးပါး စားသောက်ကြခြင်း ဖြစ်သည်။ မီးဘော်ပွဲကိုတစ်နေ့လုံးကျင်းပကြသည်။

## (ခ) ယော်မျှောပွဲ

တောင်ယာခုတ်သည့်ပွဲဖြစ်ပါသည်။ တောင်ယာ ခုတ်ခြင်းနှင့်အတူ ပေါင်းမြက်ရှင်းလင်းခြင်းကိုပါဆောင် ရွက်ကြသည်။ မိမိတို့အိမ်ထောင်စုအသီးသီးမှ ဆွေမျိုး များနှင့် ပတ်ဝန်းကျင်ဒေသများမှ ဆွေမျိုးသားချင်းများကိုပါ

ခေါ်ယူ၍ စုပေါင်းလုပ်အားပေး ဆောင်ရွက်ကြသည့် ရာသီပွဲဖြစ်သည်။ မတ်လ၊ ဧပြီလ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် တပျော်တပါး ကျင်းပကြသည်။ လုပ်အားကူညီသူများနှင့် အိမ်ရှင်များက ထမင်းဟင်းလျာများ၊ ခေါင်ရည်များဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိသည်။ တောင်ယာခုတ်ခြင်း၊ ပေါင်းမြက်ရှင်းခြင်းများပြီးပါက ၎င်းလများတွင် တောင်ယာစပါးကို စူးထိုးစိုက်ပျိုးကြ သည်။

## (ဂ) ရျော်ဇိုင်ထောင်ပွဲ

မိမိတို့၏ တောင်ယာစိုက်ခင်းများတွင် သားရဲတိရိစ္ဆာန်များနှင့် သဘာဝဘေးအန္တရာယ်များ မကျရောက်စေရန် နတ်ကိုပူဇော်သည့်ပွဲဖြစ်သည်။ ဩဂုတ်လတွင်ကျင်းပလေ့ရှိသည်။ နတ်ဟောဆရာများမှ ဦးဆောင်ပြီးတောင်ယာလုပ်ငန်းရှင်များ၊ ကျေးရွာလူကြီးနှင့် ရွာသူရွာသားများကို ဖိတ်ကြားပြီး ကျင်းပသည့်ပျော်ပွဲရွှင်ပွဲဖြစ်သည်။

## (ဃ) ခူပြေပွဲ

စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပလေ့ရှိသည်။ လူပျို၊ အပျိုများ ဦးဆောင်ကာ တောင်ယာထဲတွင်ကျင်းပကြသည်။ လပြည့်ညများတွင်





သာကျင်းပလေ့ရှိပြီး တောင်ယာမှထွက်သော သခွား သီးများဖြင့် ပစ်ပေါက်ခြင်း၊ သခွားသီးစားပြိုင်ခြင်း၊ ခေါင်ရည်သောက်ခြင်းများဖြင့် ကျင်းပသော ပျော်ပွဲရွှင်ပွဲ တစ်မျိုးဖြစ်သည်။

**(င) လော်ထောင်ပွဲ**

ဩဂုတ်လနှင့် ဒီဇင်ဘာလများတွင် လပြည့်ည များ၌ကျင်းပသည်။ လနတ်သမီးကိုပင့်ဆောင်၍ လူမှု ရေးရာ ဗေဒင်ဟောသော ပျော်ပွဲတစ်မျိုးဖြစ်သည်။ “လောကွမ်” ခေါ် ဝါးဘူးတစ်ခုတွင် ငွေပြား၊ ကြေးပြား များထည့်ကာ လနတ်သမီးကိုပင့်ဆောင်သည့် တေး လင်္ကာရွတ်ပြီး ဝါးဘူးကိုကိုင်ထားစဉ် ဝါးဘူး၏လှုပ် ရှားမှုကို အခြေခံကာဗေဒင်မေးလေ့ရှိသည်။ အပျို၊ လူပျိုများ ပျော်ပျော်ပါးပါး စုပေါင်းကျင်းပသည့်ပွဲဖြစ်သည်။

**(စ) လော်ကောဖတ်ပွဲ**

စုပေါင်းငါးဖမ်းပွဲတော်ဖြစ်သည်။ နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ကျင်းပကြသည်။ ငါးများ ကိုသေစေနိုင်သည့် သဘာဝသစ်ရွက်၊ သစ်မြစ်၊ သစ်ခေါက် များကို ထောင်းထုကာချောင်းကြီး၊ ချောင်းငယ်များတွင် ချထားပြီးငါးများကို မူးမေ့စေကာ ရေပြင်၌ ပေါ်လာသည့် အခါ စုပေါင်း၍ ပျော်ပျော်ပါးပါး ငါးဖမ်းယူကြသည့်ပွဲ ဖြစ်သည်။





nt

## (ဆ) ဂေါက်ရှဲပွဲ

တောင်ယာစပါး စုပေါင်းရိတ်သိမ်းပွဲဖြစ်သည်။ စပါးပေါ်ချိန် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ကျင်းပ သည်။ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများ၏ စုပေါင်း လုပ်အားကိုရယူကာ လက်စားလိုက်စနစ်ဖြင့် ရိတ်သိမ်း ခြင်း၊ နယ်လှေ့ခြင်းတို့ကို ပြုလုပ်ကြသည်။ အိမ်ရှင်များမှ ခေါင်ရည်နှင့် စားသောက်ဖွယ်ရာများဖြင့် ညှေ့ခံကျွေးမွေး ကြသည်။

## (ဇ) ဂေါက်အောဇော်ပွဲ

လော်ဝေါ်တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲ တော်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလတွင်ကျင်းပ ကြသည်။ မိသားစုအလိုက် ကျင်းပသောပွဲဖြစ်ပြီး ရပ်ဝေး ရပ်နီးမှ ဆွေမျိုးသားချင်းများကို ဖိတ်ကြားသည်။ မုန့်ဆန်ထောင်းပြီး မိမိအိမ်စောင့်နတ်နှင့် အခြားနတ် များကိုပူဇော်ပသပြီး လူများက တပျော်တပါး စားသုံး ကြသည်။

လော်ဝေါ်တို့၏ ရိုးရာပွဲတော်များသည် ရှေး ယခင်ဘိုးဘွားများ လက်ထက်က ကျင်းပခဲ့ကြသော အစဉ်အလာ ရိုးရာပွဲများဖြစ်သည်။ ၎င်းပွဲတော်များသည် လော်ဝေါ်တို့၏ လူမှုရေးဖွဲ့စည်းမှုကို ကျစ်လစ်ခိုင် မာလာအောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။ မိသားစုတစ်စုချင်း၏ စီးပွားရေးလုပ်ငန်းကို လက်စား



လိုက်စနစ်ဖြင့် အပြန်အလှန်ကူညီလုပ်ကိုင် ဆောင်ရွက်ပေးခြင်းမျိုးဖြစ်သည်။ စုပေါင်းဆောင်ရွက်သည့် မိသားစုများ၊ ဆွေမျိုးများနှင့် ပတ်ဝန်းကျင်ရှိ အခြားသောတိုင်းရင်းသားများနှင့်လည်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကိုရရှိစေသော ရိုးရာပွဲတော်များပင်ဖြစ်သည်။

# ကယားမျိုးနွယ်စုတို့၏ ကြက်ရိုးထိုးဗေဒင်

## နိဒါန်း

ကယားပြည်နယ်တွင်ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော၊ ယင်းတလဲ စသည့် ဌာနေတိုင်းရင်း သား (၆) မျိုးအပြင် ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ကရင်၊ လီဆူ၊ အင်းသားစသည့် တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ကယားမျိုးနွယ်စုအားလုံး တို့သည် ကြက်ရိုးထိုးဗေဒင်ကို ယနေ့ထိတိုင် ယုံကြည်စွာ လိုက်နာကျင့်သုံးကြပါသည်။

## ကြက်ရိုးထိုးဗေဒင်ပေါ်ပေါက်လာပုံ

ကယားပြည်နယ်အတွင်း နေထိုင်ကြသော ကယား တိုင်းရင်းသားမျိုးနွယ်စုများသည် ရှေးဘိုးဘွားများလက်ထက် ကတည်းက ရိုးရာဓလေ့ထုံးစံတစ်ခုအနေဖြင့် ကြက်ရိုးထိုး ဗေဒင်ကို အခက်အခဲရှိသည့်အခါတိုင်း ယုံယုံကြည်ကြည် ဖြင့် ကြည့်လေ့ရှိခဲ့ကြသည်။ ကယားမျိုးနွယ်စုအားလုံး ယုံကြည်လက်ခံထားသောကြက်ရိုးထိုးဗေဒင်ကြည့်သည့် ဓလေ့ထုံးစံနှင့်ပတ်သက်သော ပုံပြင်ဒဏ္ဍာရီတစ်ခုရှိပါ သည်။ရှေးအခါက ဘုရားသခင်သည် ကယားတို့အား ရွှေကျမ်းစာတစ်အုပ်ကို ပေးအပ်ထားကြောင်း၊ ယင်း ရွှေကျမ်းစာကို ကယားတို့ကမဖတ်တတ်သဖြင့် ညီထွေး ဖြစ်သည့်လူဖြူထံမှ ငွေကျမ်းစာဖြင့်လဲခဲ့ကြောင်း၊ညီထွေး ဖြစ်သူလူဖြူသည် ရွှေကျမ်းစာကို လဲယူသွားပြီး နေမင်း

နှင့်အတူ အနောက်အရပ်သို့ ထွက်ခွာသွားခဲ့ကြောင်း၊ ကယားတို့သည် ညီထွေးထံမှငွေကျမ်းစာကို ရရှိခဲ့သော်လည်း မဖတ်တတ်သဖြင့် အစ်ကိုကြီးဖြစ်သူ တရုတ်ထံမှ စက္ကူစာဖြင့်ထပ်မံလဲခဲ့ကြောင်း၊ ယင်းစက္ကူစာကိုလည်းမဖတ်တတ်သဖြင့် နောက်ဆုံးတွင် ရှမ်းလူမျိုးထံမှ သားရေစာဖြင့် လဲခဲ့သည်ဟုဆိုသည်။

ကယားလူမျိုးတို့သည် ၎င်းတို့သွားလေရာသို့ ထိုသားရေစာကို ယူသွားလေ့ရှိသည်။ တောင်ယာခုတ်ထွင်နေစဉ် ယင်းသားရေစာကို သစ်ငုတ်တစ်ခုပေါ်တင်ပြီး အလုပ်လုပ်နေစဉ် ခွေးကအစာဟု ထင်မှတ်ပြီး စားသွားခဲ့ကြောင်း၊ ယင်းသားရေစာ ပျောက်ဆုံးသွားသဖြင့် စုံစမ်းမေးမြန်းရာ ခွေးက စားသွားကြောင်းသိရှိခဲ့ရသည်။ ခွေးကိုမေးရာတွင် ခွေးက စားသွားသည့် သားရေစာသည် မစင်စွန့်ရာတွင်ပါသွားပြီး ဝက်က စားသွားကြောင်း ခွေးက ပြောသည်။ ဝက်ကိုမေးရာတွင် ဝက်ကလည်း မစင်စွန့်ရာတွင်ပါသွားပြီး ကြက်ကစားသွားကြောင်း ပြောပြပါသည်။ တစ်ဖန် ကြက်ကိုမေးမြန်းရာတွင် ဝက်၏မစင်ကို မိမိစားမိကြောင်း ယင်းစာသည် မိမိ၏ပေါင်ရိုးအထဲမှာရှိ သောခြင်ဆီထဲတွင်ရှိကြောင်း၊ အဖြစ်အပျက်တစ်ခုခုနှင့် ပတ်သက်၍ အမှားအမှန်ကြည့်လိုပါက မိမိပေါင်ရိုးကို ထုတ်ပြီးကြည့်ပါက အမှန်တရားကိုသိရှိနိုင်ပါကြောင်း ပြောပြပါသည်။ ထို့ကြောင့် ကယားတို့သည် ဘုရားသခင်မှ ပေးအပ်ခဲ့သော

အမှန်တရားသည် ကြက်ရိုးတွင်ရှိသည် ဟုယုံကြည်ကြသဖြင့် ကြက်ရိုးထိုးသည့် အလေ့အထ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု လေ့လာသိရှိခဲ့ပါသည်။

ကယားတိုင်းရင်းသားမျိုးနွယ်စုတို့သည် ကြက်ရိုးထိုးဗေဒင်ကို အထူးယုံကြည်ကြသည်။ စိုက်ပျိုးရန် မြေနေရာရွေးခြင်း၊ အိမ်ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ခြင်း၊ နေ့ကောင်းရက်မြတ် ရွေးချယ်ခြင်းများ ပြုလုပ်ရာတွင် ကိစ္စအဝဝမပြုလုပ်မီ ကြက်ရိုးထိုးကြည့် လေ့ရှိသည်။ ကြက်ရိုးထိုးခြင်းသည် နတ်ဆရာ (သို့မဟုတ်) ကြက်ရိုးထိုးတတ်သူ အမျိုးသားတစ်ဦးဦးက လုပ်ဆောင်ပေးလေ့ရှိသည်။ သို့သော် အမျိုးသမီးများ ကြက်ရိုး ထိုးခွင့်မရှိပေ။

မိသားစုတွင် တစ်ဦးဦးနာမကျန်းဖြစ်သည့်အခါ နတ်ဖမ်းစားခြင်း (သို့မဟုတ်) ရောဂါကပ်ရောက်နေသည် ကိုသိရှိရန် ကြက်ရိုးထိုးကြည့်လေ့ရှိသည်။ မည်သည့်နတ်ကို မည်သည့်တိရစ္ဆာန်ဖြင့် မည်သည့်နေရာတွင် ပူဇော်ပသ ရမည်တို့ကို ကြက်ရိုးထိုးဗေဒင်ဖြင့် ကြည့်ကြသည်။ ဗေဒင်ဟောကိန်းအရ သိရသောကြက် (သို့မဟုတ်) နွား (သို့မဟုတ်)ဝက်ကို သတ်ပြီး ပူဇော်ပသကြသည်။ကယား မျိုးနွယ်စုတို့သည် ကြက်ရိုးထိုးသည့်ဓလေ့ကို ရှေးယခင် မှစ၍ ယနေ့အထိအသုံးပြုလျက်ရှိပါသည်။ ထို့အပြင် အမှုဖြစ်ပွားရာတွင်လည်း သက်သေပြရန် ခက်ခဲသော

အမှုများအား တစ်ခါတစ်ရံတွင် ကြက်ရိုးထိုးပြီး အဆုံးအဖြတ်ပေးလေ့ရှိသည်။ ကြက်ရိုးထိုးပြီး ပေါ်လာသည့်အတိုင်း နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ် လက်ခံလေ့ရှိပါသည်။

ကြက်ရိုးဗေဒင်မေးရန်အတွက် အရွယ်ရောက်ပြီးကြက်တစ်ကောင်(အနီရောင်)ကို အများဆုံးရွေးချယ်ကြသည်။ အဖြူရောင်ကြက်ကို လုံးဝအသုံးမပြုကြောင်းသိရှိရပါသည်။ နတ်ဆရာ (သို့မဟုတ်) မေးတတ်သည့်သူက ကိုင်မြှောက်ပြီး တိုင်းရင်းသားဘာသာစကားဖြင့် မိမိတို့သိလိုသည်ကို အမှန်သိအောင်ပြုလုပ်ပေးရန်၊ ပြောပေးရန် ရွတ်ဆိုဆုတောင်းရသည်။ ထို့နောက် ကြက်ကိုသတ်ပြီး ပေါင်ရိုးနှစ်ရိုးကိုချိုး၍ အပြင်သို့ဖြတ်ထုတ်ယူရသည်။ ပေါင်ရိုးနှစ်ရိုး အပြင်သို့ရောက်လျှင် အရိုးများတွင်ကပ်နေသော အသားများကိုဖယ်ခြစ်ထုတ်၍ အောက်ခြေဘက် အပေါက်မှ ၅လက်မ၊ ၆လက်မရှည်သော ဝါးတုတ်ချောင်း တစ်ခုစီထိုးထည့်ရသည်။ ထိုသို့ထည့်လိုက်သည့်အခါ ပေါင်ရိုးတစ်ချောင်းစီတွင်ရှိသော အပ်ပေါက်ရာခန့် သေးငယ် သောအပေါက်နှစ်ခုစီမှ သွေးများထွက်လာသည်။ သွေးထွက်လာသောအပေါက်ငယ်များကို အပ်ချောင်းအရွယ်ဝါးချောင်း သေးသေးတစ်ခုစီကို အလိုက်သင့်ထိုးသွင်းရသည်။ ထို့နောက် ကြက်ပေါင်ရိုးနှစ်ခုကို အတူယှဉ်ကြည့်ပြီး သွေးထွက်လာ

သောအပေါက်တွင် ထိုးထည့်ထားသည့် ဝါးချောင်းလေး များ၏ အနိမ့်အမြင့်နှင့် ညီညာမှုရှိ/မရှိကို ကြည့်ပြီး အဖြေရှာ၍ ပြောသည်။

**ကြက်ရိုးထိုးဗေဒင်ဖတ်ရှုခြင်း**

ကြက်ရိုးထိုးဗေဒင်ကို နံနက်ပိုင်းတွင်ဖြစ်စေ၊ မွန်းလွဲပိုင်းတွင်ဖြစ်စေ ပြုလုပ်ရပါသည်။ မွန်းတည့်ချိန်၌ ကြက်ရိုးထိုးခြင်းကို မပြုလုပ်ရပါ။ ကြက်ရိုးထိုးသည့် အခါ နေရှိရာအရပ်ဘက်သို့ မျက်နှာမူရပါသည်။ ညာလက်ဖြင့် ကြက်လည်ပင်းကို ဆုပ်ကိုင်၍ဘယ်လက် ဖြင့် ကြက်၏ခြေနှစ်ချောင်းကို စုကိုင်ထားပြီး ရှေးဦးစွာ ဆုတောင်းပေးရပါသည်။ ထိုသို့ ဆုတောင်းအမှုပြုပြီး နောက် ကြက်ကိုသတ်ရပါသည်။ ပထမဦးစွာကြက်၏ ဘယ်ပေါင်ရိုးထုတ်ယူပြီး ကြက်ရိုးထိုးရပါသည်။ ကြက် ယာပေါင်မှာ သူတစ်ပါးအတွက် ဆန္ဒကျင်သူအတွက် ဖြစ်ပါသည်။

ကြက်ရိုးထိုးဗေဒင်၌ အဓိကဟောကိန်း (၄) မျိုး ရှိသည်။ ယင်းတို့မှာ-

(၁) ထန်းလျံ


(၂) ထန်ငေါင်

(၃) ထန်ကွီ

(၄)ထန်ရို တို့ဖြစ်ပါသည်။

**(၁) ထန်းလျံဟောကိန်း**

ပုံစံ (၁)



(ဘယ်) (ညာ)

ဘယ်ဘက်တုတ်ချောင်း ယာဘက်ထက်မတ် ထောင်နေလျှင် မိမိအတွက်ကောင်းသည်။ နိုင်သည်ဟု အဓိပ္ပာယ်ရပါသည်။


ပုံစံ(၂)



(ဘယ်) (ယာ)

ဘယ်ဘက်တုတ်နှင့် ယာဘက်တုတ်ထပ်တူ နေလှျင် သူမနိုင် ကိုယ်မနိုင်သရေဖြစ်သည်။ အဆိုး ဟူ၍ မဆိုနိုင် အကောင်းဟူ၍လည်းမဆိုနိုင်ပါ။


ပုံစံ(၃)



(ဘယ်) (ယာ)

ဘယ်ဘက်တုတ်ကားထွက်နေပြီး ယာဘက်တုတ်အတွင်းစုနေလျှင် မကောင်းရှုံးသည်။


ပုံစံ(၄)



(ဘယ်) (ယာ)

ဘယ်နှင့်ယာနှစ်ဘက်စလုံး ကြက်ရိုးတစ်ပေါက်စီပါပြီးတစ်ဘက်တည်းလှည့်နေလျှင် ဆီးငေါ်ထန်စိုးဟုခေါ်သည်။ ကောင်းလျှင်ချက်ချင်းကောင်း၊ မကောင်းလျှင် ချက်ချင်းပျက် ချက်ချင်းကျန်းမာမည် (သို့) မိုးမလင်းခင်သေသည်။

ပုံစံ(၅)



(ဘယ်) (ယာ)

ကြက်ရိုးတစ်ပေါက်စီရှိပြီး ဆန့်ကျင်ဘက် လှည့်နေလျှင် ငေါ်မိုမှုဟုခေါ်သည်။ အနှောင့်အယှက် မရှိ အန္တရာယ်မရှိ၊ ရန်မရှာပါ။

ပုံစံ(၆)




(ဘယ်) (ယာ)

ဘယ်ဘက်အရိုးတွင် အပေါက်တစ်ပေါက်စီ ပါရှိပြီး ယာဘက်တွင် အပေါက်နှစ်ပေါက်ပါရှိလျှင် ဆီးဆော့ ဟုခေါ်သည်။ ဆိုက်တာတောင်လူကာကောင် ဟူ၍လည်း ခေါ်သည်။

**(၂) ထန်ငေါင်ဟောကိန်း**


ပုံစံ(၁)



(ဘယ်) (ယာ)

ဘယ်တုတ်ထောင်ပြီး ယာတုတ်လှဲနေလျှင် မိမိအဖို့ ကောင်းသည်။ နိုင်သည်။

ပုံစံ(၂)



(ဘယ်) (ယာ)

ကြက်ရိုးတစ်ပေါက်စီပါရှိပြီး၊ ဆန့်ကျင်ဘက် လှည့်နေလျှင် လန်ငါးသိုက်ဟုခေါ်၍ မကောင်းပါ။ ရန်သူအင်အားများမည်။ အဆိုးများမည်။ ဆုံးရှုံးမှု များမည်။


ပုံစံ(၃)



(ဘယ်) (ယာ)

ဘယ်ဘက်တုတ်လှဲနေပြီး ယာဘက်တုတ် ထောင်နေလျှင် မကောင်းပါ။ ရှုံးသည်။

ပုံစံ(၄)



(ဘယ်) (ယာ)

ဆီးဗွယ်ဖရိုးဟုခေါ်သည်။ မကောင်းပါ။


ပုံစံ(၅)



(ဘယ်) (ယာ)

ဆီးလန်ငါးဖရိုးဟုခေါ်သည်။ သူများအတွက် မကောင်း။

ပုံစံ(၆)




(ဘယ်) (ယာ)

လန်ငါးဗွယ်ဟုခေါ်သည်။ ကိုယ့်အတွက် မကောင်း။

## **(၃) ထန်ကွီဟောကိန်း**

ပုံစံ(၁)



(ဘယ်) (ယာ)

ကောင်းသည်။

ပုံစံ(၂)



(ဘယ်) (ယာ)

ထန်ကွီလန်ငါးဖရိုးဟုခေါ်သည်။ အခက်အခဲ မရှိ၊ အောင်မြင်မည်။ နိုင်မည်။


ပုံစံ(၃)



(ဘယ်) (ယာ)

ထန်ကွီဗွယ်ဖရိုဟုခေါ်သည်။လုံးဝမကောင်းပါ။


ပုံစံ(၄)



(ဘယ်) (ယာ)

လန်ငါးဗွယ်ဟုခေါ်သည်။ မကောင်းပါ။

ပုံစံ(၅)



(ဘယ်) (ယာ)

ထန်ကွီဗွယ်ဖရိုဟုခေါ်သည်။ မလုပ်ကောင်းပါ။ ခရီးမဆက်ကောင်းပါ။ အန္တရာယ်ရှိသည်။

ပုံစံ(၆)



(ဘယ်) (ယာ)

ထန်ကွီကိတ်ဟုခေါ်သည်။ အနည်းငယ်မှ မကောင်းပါ။

ပုံစံ(၇)




(ဘယ်) (ယာ)

မကောင်းပါ။

**(၄) ထန်ရိုးဟောကိန်း**

ပုံစံ(၁)



(ဘယ်) (ယာ)

အချိန်ကြာတတ်သည်။ ကိုယ်ဝန်ဆောင်လျှင် သားမွေးမည်။ အသက်ရှည်မည်။ ကျန်းမာမည်။ အန္တရာယ်မရှိ၊ အိမ်ထောင်ပြုပါက စိတ်ချရသည်။


ပုံစံ(၂)



(ဘယ်) (ယာ)

ယာဘက်အရိုးတုတ်ယာစောင်းပါက ဗယ်ဖရို ဟုခေါ်သည်။မကောင်းပါ။

ပုံစံ(၃)



(ဘယ်) (ယာ)

လန်ငါးဖရိုဟုခေါ်သည်။ တဖြည်းဖြည်း ကောင်းလာမည်။


ပုံစံ(၄)



(ဘယ်) (ယာ)

ဗွယ်ဗွေဟုခေါ်သည်။ စိတ်မချ၊ မကောင်းပါ။ ခရီးသွားလျှင် စိုးရိမ်ရသည်။ ကောင်းလျှင် အလွန် ကောင်း၍ ဆိုးလျှင်အလွန်ဆိုးမည်။

ပုံစံ(၅)



(ဘယ်) (ယာ)

လန်ဖရိုလန်ငါးဗွေဟုခေါ်သည်။ မိမိအတွက် မကောင်းပါ။ အိမ်ထောင်ကိစ္စမကောင်းပါ။

# ကရင်အရိုးကောက်ပွဲတော်

လူမျိုးတိုင်းတွင် ထူးခြား၍ စိတ်ဝင်စားဖွယ်ကောင်းလှသော ယဉ်ကျေးမှုဓလေ့ထုံးစံများ ရှိကြသည့်အတိုင်း ကရင်အမျိုးသားများတွင်လည်း ထူးခြားသောဓလေ့ထုံးစံယဉ်ကျေးမှု တစ်ခုရှိ၏။ ထိုအရာမှ ကရင်အမျိုးသားတို့၏ အရိုးကောက်ပွဲတော် ကျင်းပသည့် အကြောင်းပင်ဖြစ်သည်။ သို့သော် ကရင်အမျိုးသားတိုင်း အရိုးကောက်ပွဲတော်ကျင်းပကြသည်မဟုတ်ပေ။

တောင်ယာများရိတ်သိမ်းပြီးချိန်နှင့် မြေပြန့်တွင်လယ်ယာအလုပ်များပြီးစီးချိန် သာယာသောနွေလ များတွင် မြစ်ဝကျွန်းပေါ်နှင့် ကရင်ပြည်နယ်ဒေသတို့တွင် အရိုးကောက်ပွဲတော်ကို ခမ်းနားစွာ ဆင်ယင်ကျင်းပ တတ်ကြသည်။

ဗုဒ္ဓဘာသာဝင် ကရင်တစ်ဦးသေဆုံးလျှင် သုသာန်တွင် ပထမဆုံး သွားရောက်မြှုပ်နှံထား၏။ တစ်နှစ်ကြာ တွင် မြေတွင်းမှအလောင်းကိုတစ်ဖန်တူးဖော်ပြီး သုသာန်တွင် မီးရှို့ပစ်ရသည်။ မီးသင်္ဂြိုဟ်ခြင်း ပင်ဖြစ်၏။ အရိုးများပြာကျလုနီးသော် ရေပက်၍ မီးငြိမ်းပစ်ရ၏။ ထိုသို့မီးသွေးခဲနှင့်အရိုးများရောပြွမ်းနေသော မီးလောင်ထားရာမြေကွက်လေးကို ရာဇမတ်များ ကာရံထားရသည်။ ရက်သတ္တပတ်ခန့်အကြာ၌ မြေအိုးသစ်များဖြင့် သုသာန်

သို့သွားကာ ရာဇမတ်အတွင်းမှ အရိုးခဲများကို လိုချင်သလောက် ကောက်ယူခဲ့ကြသည်။ ထိုအရိုးခဲ များမှာ အရိုးကောက်ပွဲတော်ကျင်းပရန် အတွက်ပင်ဖြစ်သည်။ အရိုးကောက်ပွဲတော် မကျင်းပရသေးမီ အိမ်ထဲသို့ မယူဆောင်ရဘဲ အိမ်အနီးရှိ အရိုးစင်လေးပေါ်သို့ ထားရ၏။ ငွေကြေးတတ်နိုင်ပါက အရိုးပြာချပြီးသည့် နှစ်ထဲမှာပင် အချို့က အရိုးကောက်ပွဲကျင်းပကြ၏။ ငွေကြေးမတတ်နိုင်သူအချို့က ဆိုင်းငံ့၍ ကျင်းပတတ် သည်။ဗုဒ္ဓဘာသာဝင်ကရင်တို့၏ အယူအဆမှာ သေဆုံး သူ၏ ကြွင်းရစ်သောအရိုးစုများကို အရိုးကောက်ပွဲတော် မပြုလုပ်ရသေးပါက သေဆုံးသူ၏ ဝိညာဉ်သည် လွတ်ရာကျွတ်ရာ တစ်နေရာရာသို့ မသွားနိုင်သေးဘဲ ဤအနီးအနားသို့ လှည့်ပတ်နေသည်ဟု ယူဆကြ၏။ သို့သော် လက်တွေ့အကျိုးသက်ရောက်ပုံမှာ သေဆုံးသူ အားနောက်ဆုံးသောဂုဏ်ပြုခြင်းနှင့် အမှတ်တရပွဲပြု လုပ်ခြင်း သဘောမျိုးသက်ရောက်နေ၏။

ကောင်းသောသေခြင်းဖြင့် မိမိဇာတိရပ်ရွာတွင် သေဆုံးသူအတွက် အရိုးပြာမှာ အလွယ်တကူရနိုင်သဖြင့် အရိုးကောက်ရာတွင် အခက်အခဲ မရှိလှသော်လည်း တစ်မြို့တစ်ရွာတွင် သေဆုံးသူများနှင့် အရိုးပြာမရသူများအတွက်မူ အခက်အခဲနှင့် တွေ့ရလေ့ ရှိသည်။


မန်းချစ်ဝိန်

ထိုအခါမျိုး၌ အရိုးကောက်ပွဲတော်ကို ဦးစီးဦးဆောင် ပြုလုပ်ပေးမည့် အရိုးကောက်ဆရာက သေဆုံးသူ၏ ခန္ဓာကိုယ်အစား သစ်တုံးတစ်တုံးကို ယူဆောင်ပြီး မီးရှို့ရသည်။ သစ်တုံးမှရသော မီးသွေးခဲဖြင့် အရိုးကောက်ပွဲ ပြုလုပ်ရသည်။ သေဆုံးသူ၏ အဝတ်အစားများကျန်ရှိ သေးပါက ထိုအဝတ်စားများဖြင့် အရိုးကောက်ပွဲပြုလုပ် ရသည်။

အရိုးကောက်ပွဲကျင်းပရာတွင် မဏ္ဍပ်ကို နှစ်ခု ဆောက်လုပ်ရသည်။ တစ်ခုမှာ သံဃာစင်နှင့်တစ်ဆက်တည်းဆက်စပ်နေသည့် မဏ္ဍပ်နှင့် အခြားတစ်ခုမှာ အရိုးပြာအိုးများထားရှိသည့် မဏ္ဍပ်ဖြစ်သည်။ သံဃာတော်များတရားဟောချိန်တွင် အရိုးမဏ္ဍပ်နှင့် သံဃာစင်ကို အပ်ချည်ကြိုးဖြင့် ဆက်သွယ်ပေးရ၏။ ဤသို့ ပြုလုပ်ရခြင်းမှာ အရိုးရှင်၏ဝိညာဉ်သည် သံဃာတော်များ၏ တရားကို နာယူနိုင်ရန်အတွက်ဖြစ်သည်။

အရိုးကောက်ပွဲကျင်းပရာတွင် အရိုးနှင့်ပတ်သက် သောကိစ္စအဝဝသည် အရိုးကောက်ဆရာ၏ လက်ထဲတွင် အာဏာအပြည့်အဝရှိသည်။ အရိုးကောက်ပွဲ ကျင်းပမည့် နံနက်တွင် အရိုးကောက်ဆရာက အရိုးရှင်များကို စီစဉ်စစ်ဆေး ရသည်။ တစ်ရပ်တစ်ရွာနှင့် တစ်နယ်တစ်ကျေးတွင် သေဆုံးခဲ့သည့် အရိုးများနှင့် လတ်တလော အသေဆိုးများနှင့် သေသော အစိမ်းသေများပါရှိပါက အရိုးကောက်ဆရာမှာ

များစွာပင်ပန်းတော့သည်။ အကြောင်းမှာ မြစ်ကူးချောင်း နားတစ်နယ်တစ်ကျေးတွင် သေဆုံးခဲ့သော အရိုးရှင်၏ လိပ်ပြာ(သို့မဟုတ်) ဝိညာဉ်သည် အရိုးကောက်ပွဲ ကျင်းပရာ နေရာသို့ ရုတ်တရက် ရောက်မလာနိုင်ပေ။ အကြောင်းမှာ မြစ်များချောင်းများ ဖြတ်ကူးနေရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အရိုးကောက်ဆရာက မဏ္ဍပ်နှင့်မနီးမဝေးတွင် မြစ်ချောင်းသဖွယ် မြေကျင်းရှည်ရှည်တစ်ခုကို တူးပြီးရေများ ထည့်ပေးရသည်။ အပေါ်မှာမှ တံတားသဖွယ် သစ်ချောင်း လေးတစ်ခုတင်ပေးထားရသည်။ အဓိပ္ပါယ်မှာ မြစ်ချောင်း များကို တံတားမှ တဆင့်ကူး လာခဲ့ရန်ဖြစ်သည်။

အစိမ်းသေများ၏ ဝိညာဉ်သည် ကြောက်အား လန့်အားဖြင့် ရုတ်တရက်သေရသဖြင့် လန့်ဖျပ်ကာ အဝေးသို့ ရောက်နေသည်ဟု ယူဆကြသည်။ ထို လိပ်ပြာ ပြန်လာအောင် အရိုးကောက်ဆရာသည် အတော်ပင် ကြိုးစား၍ ခေါ်ယူရသည်ဟုဆိုသည်။ အရိုး ကောက်ရာတွင် တစ်ဦးတစ်ယောက်ချင်း ကောက်လေ့ မရှိဘဲ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်အထိ စုပေါင်း ကောက်တတ်သည်။ ထို့ကြောင့် အရိုးကောက်ပွဲမဏ္ဍပ်ထဲ၌ အရိုးအိုးထည့်ထား သော အရိုးခြင်းရှည်ကြီးများ သည် ထိုးထိုးထောင်ထောင်နှင့် အများအပြားပင်ရှိနေ ပေသည်။


ဖိကွက်တော

အရိုးကောက်ပွဲကျင်းပရာတွင် အရေးကြီးသော အချက်မှာ သေဆုံးသူအရိုးရှင်၏ ယောကျ်ား(သို့)မိန်းမ ဖြစ်သူသည် သေဆုံးသူ၏ အရိုးကောက်ပွဲမကျင်းပရ သေးမီ နောက်ထပ် အိမ်ထောင်သစ် တစ်ခုပြုသည်ဆို ပါက ထိုအရိုးမဏ္ဍပ်အတွင်းသို့ မလာရောက်ရပေ။ အကယ်၍ လာရောက်သော် လေကြီးမိုးကြီးသော်လည်းကောင်း၊ တစ်စုံ တစ်ခု ဘေးအန္တရာယ်သော်လည်းကောင်း ကျရောက်တတ် သည်ဟုယူဆကြသည်။တစ်နည်းအားဖြင့် လက်တွေ့ဘဝတွင် ယောကျ်ား(သို့မဟုတ်) မိန်းမသေဆုံး ၍မှ မကြာသေးခင် နောက်အိမ်ထောင်အပြုစောသူကို ဒဏ်ခတ်ခြင်းနှင့် အပြစ်ပေးခြင်း သဘောကျရောက်နေ သည်။

အရိုးကောက်ရန် အချိန်ကျရောက်လာသောအခါ သက်ဆိုင်ရာ ဆွေမျိုး၊ မိဘ၊ မောင်နှမအားလုံးတို့သည် အရိုးမဏ္ဍပ်နားသို့ရောက်ရှိလာကြသည်။ သက်ဆိုင်ရာ မိမိအရိုးခြင်းကို ကျောဝယ်ချည်ကာ တန်းစီရသည်။ တန်းစီခြင်းမှာ သေဆုံးသူအရိုးရှင်များ၏ အသက်အရွယ် ကြီးစဉ်ငယ်လိုက် ရှေ့နောက်ထားခြင်းဖြစ်သည်။ အရိုး ကောက်ဆရာကအချက်ပေးလိုက်သည်နှင့် အရိုးကောက် ဆရာနှင့်အတူပါရှိသော တပည့်မိတ်ဆွေတို့သည် ကရင် ဘာသာဖြင့် အတိုင်အဖောက်ညီညီ နှုတ်တိုက်ကျက်မှတ် ထားသော သေသူများနှင့်ဆိုင်သည့် တေးကဗျာရှည်ကြီး

များကို ရွတ်ဖတ်ရသည်။ ရွတ်ဖတ်၍ တစ်ချက်ပြီးတိုင်း ရှင်လောင်းလှည့်ရာတွင် ရွဲလိုက်သကဲ့သို့ ရွဲလိုက်ရ သည်။ ရွဲတစ်ချက်လိုက်၍ မှုတ်လိုက်တိုင်းပါးစပ် အတွင်းမှငုံထား သော အရက်တစ်ငုံကို ဖူးခနဲမှုတ်လိုက်၏။ အပြင်သို့ မှုတ်ထုတ်ရာတွင် မဖြစ်စလောက်သာ မှုတ်ထုတ်ပြီး ခပ်များများမှာမူ လည်ချောင်းထဲသို့ ဝင်သွားသည်သာ ဖြစ်သည်။ ထို့နောက် ဗျောဆိုင်းများဖြင့် အရိုးခြင်း ကြီးစဉ်ငယ်လိုက်သည် အရိုးမဏ္ဍပ်ကို ခုနစ်ပတ်လှည့်ပတ် ရာ၌ သက်ဆိုင်ရာ မကင်းရာမကင်းကြောင်း မိတ်ဆွေ သင်္ဂဟများကအရိုးခြင်းများကို ကူညီကာဝိုင်းထမ်းကြသည်။ ထိုအချိန်မှာ သေဆုံးသူ သေဦးစကလို ကျန်သူများက ခံစားကြရပြီး ငိုယိုမြည် တမ်းကြလေတော့သည်။

အရိုးမဏ္ဍပ် ခုနစ်ပတ်လှည့်ပတ်ပြီးသည်နှင့် သဲ ဖြူ၊ ရာဇမတ်၊ ငှက်ပျောပင်၊ ကြံပင်တို့ဖြင့် ပြင်ဆင် ထားသော အရိုးမဏ္ဍပ်အတွင်းသို့ အရိုးများကို ပြန်ယူ ခဲ့ပြီး အစဉ်အလိုက်ထားလိုက်သည်။ ထို့နောက် သံဃာ တော်များက တရားဟောကြားသည်။ ထိုနေ့ညတွင် ပွဲလမ်းသဘင်ရှိမည်ဆိုပါက အရိုးကိုတစ်ည သိပ်ထား သည်။မရှိပါက ထိုနေ့မှာပင် သုသာန်သို့သွား၍ အရိုး များကို ပို့လိုက်သည်။ နှစ်ပေါင်းများစွာ ကြာလာသော အခါ ထိုနေရာတွင်အရိုးအိုးများ တောင်ပုံရာပုံ စုပုံနေ တော့သည်။

ထိုသို့အရိုးကောက်ပွဲ ကျင်းပပြီးမှပင် ကျန်သူများမှာ ရင်တွင်း၌ ပေါ့သွားပြီး သေဆုံးသူအတွက် နောက်ဆုံး တာဝန်တစ်ရပ် ကျေသွားသည်ဟု ယူဆကြလေသည်။

အထက်ဖော်ပြပါ အကြောင်းအရာများသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်လျက် ရှိကြသော ဗုဒ္ဓဘာသာဝင် ကရင်တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံယဉ်ကျေးမှုများအနက် ထူးခြား၍စိတ်ဝင်စား ဖွယ်ကောင်းသော အရိုးကောက်ပွဲတော်အကြောင်းပင် ဖြစ်ပေသည်။

## မင်းတပ်မြို့နယ်ချို(ချင်း)မျိုးနွယ်များ၏ "ကုမ်သီ"ရိုးရာဓလေ့ပွဲတော်

ချင်းပြည်နယ်အတွင်း နေထိုင်ကြသော မျိုးနွယ်စုတိုင်းသည် မိမိတို့၏ ရိုးရာဓလေ့ပွဲတော်များကို နှစ်စဉ်နှစ်တိုင်းစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြသည်။ မြို့နယ်(၉)မြို့နယ်ရှိသည့်အလျောက် မြို့နယ်တစ်မြို့နယ်စီ၌ ထင်ရှားသော ပွဲတော်များ ပိုင်ဆိုင်ခဲ့ကြသည်။ ထိုနည်းတူ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် ရှေးပဝေသဏီမှ ကျင်းပသောရိုးရာပွဲတော်မှာ ကုမ်သီပွဲတော်ဖြစ်သည်။ မင်းတပ်မြို့နယ်သည် ချင်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်တစ်မြို့နယ်ဖြစ်၍ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်နှင့် မြောက်ဘက်တွင်မတူပီမြို့နယ်၊ တောင်ဘက်တွင် ကန်ပက်လက်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကုမ်သီပွဲတော်သည် ချို(ချင်း) မျိုးနွယ်များ၏ အထင်ကရပွဲတော်များမှ တစ်မျိုးဖြစ်သည်။ ချို(ချင်း) မျိုးနွယ်များနေထိုင်သည့် ကျေးရွာအလိုက် စုစုဝေးဝေး ညီညီညွတ်ညွတ်ဖြင့် စားသောက်ဖွယ် ဆန်နှင့် ခေါင်ရည်များကို စုစည်း၍ ကျေးရွာ၏ ဦးဆောင်သူ(နတ်ဆရာ) အိမ်တွင် နှစ်သစ်ကူး မင်္ဂလာ(ကုမ်သီ)ပွဲတော်ကျင်းပခြင်း ဖြစ်သည်။





**စုပေါင်းတီးမှုတ်ကခုန်ကြပုံ**

နှစ်ဟောင်း၌ ကြုံတွေ့ရသော အကောင်းအဆိုးများ အားလုံးကို နှစ်ဟောင်းတွင် ချန်လှပ်ထား၍ နှစ်သစ်၌ မင်္ဂလာတရားနှင့်အညီ သစ်လွင်သော စိတ်ဓါတ်၊ အတွေ့ အကြုံကောင်း အသစ်များကို ကြိုဆိုကာမျိုးနွယ်စုများ အားလုံးဘေးရန်ကင်းခြင်း၊ ဆန်ရေ စပါးတိုးပွားခြင်း စသည်တို့အတွက် စုပေါင်းပြီး နှစ်သစ်အတွက် ဆုတောင်း (နတ်ပူဇော်)ခြင်းဖြစ်သည်။

ကုမ်သီပွဲတော်ကို တောင်ယာဟောင်းမှသီးနှံများ ရိတ်သိမ်းပြီးရွာရှိ စပါးကျီ၌ သယ်ယူစုဆောင်းသိုလှောင် ပြီး၍ တောင်ယာသစ်လုပ်ငန်းအတွက် လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်သည့်ကာလ ဧပြီ(၁)ရက်မှ (၇)ရက်တိုင်တိုင် ကျင်းပကြလေ့ရှိသည်။ စတင်ကျင်း ပမည့် ပထမရက်တွင် ချို(ချင်း)မျိုးနွယ်များသည် ရွာ၏ အဝင်/အထွက်လမ်းများကို ပိတ်ရသည်။ ၎င်းကဲ့သို့ ရွာအဝင်လမ်းများ ပိတ်လှျက်ပြင်ပမှ လူစိမ်းတစ်ယောက် ဝင်လာပါက ထိုလူစိမ်းထံမှ သံမြားချောင်း တစ်ချောင်း အလျော်တောင်းရသည်။ပွဲတော်ကျင်းပသည့် ကာလ အတွင်း လူစိမ်းအဝင်အထွက် မပြုလုပ်ရပါ။ ထိုနေ့တွင် နတ်ဆရာအိမ်ရှေ့၌ ပွဲတော်ကျင်းပခြင်းအတွက် ကြက်ဥ ဖေဒင်မေးမြန်းပြီး ခေါင်ရည်ထိပ်(တည်ခင်း)၍ ကြက်၊ ဝက် သတ်ကာ စားသောက်ပွဲကျင်းပကြသည်။

ဒုတိယနေ့နှင့်တတိယနေ့ကို လူကိုယ်သန့်စင်စေလျက် ရှောင်းလွှီ (Shawng Hlui)နေ့ အဖြစ်သတ်မှတ်ပြီး တောချောက် (အမဲလိုက်) ဖို့ရန် ပြင်ဆင်လျက်ရှိကြ သည်။ စတုတ္ထနေ့နှင့် ပဥ္စမနေ့တွင် လိုကြုံ(ရှောင်းလာ) နေ့အဖြစ်သတ်မှတ်၍ လူကြီး၊ ကလေး စုပေါင်းကာ အမဲလိုက်ကြသည်။ စုပေါင်းအမဲလိုက် (တောခြောက်)ခြင်းသည် ချင်းလူမျိုးများ၏ရိုးရာဓလေ့ တစ်ခုဖြစ်သည်။ ၎င်းနေ့များ၌ အမဲလိုက်ခြင်းမှရရှိလာသော တောကောင် ၏ အသားများကို နတ်ဆရာ(နတ်ပဆန်း) အိမ်၌ "သဲန်" နေ့အဖြစ်သတ်မှတ်၍ ချက်ပြုတ်ကြလျက် ကုမ်သီ (နှစ်သစ်ကူးမင်္ဂလာ)နေ့အဖြစ် သတ်မှတ်ကျင်းပပြီး စားသောက်၍ တီးမှုတ်ကခုန်ကြသည်။ ဆဋ္ဌမနေ့နှင့် သတ္တမနေ့တွင်"ကျိမ်"နေ့အဖြစ်သတ်မှတ်ကာ တောင်ယာအသစ်သို့သွားကြ၍မျိုးစေ့များကိုအနည်းငယ်(စတိသဘောဖြင့်) ပက်ဖြန်းခြင်းပြုလုပ်၍ အိမ်မွေးတိရိစ္ဆာန်များ တိုးပွား စေရန်၊ တောင်ယာ၌ သီးနှံများ အထွက်ကောင်းစေရန်၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့အတွက် သီးနှံများ အထွက်ကောင်းစေရန်၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့အတွက် နတ်ပူဇော်ခြင်း၊ ဆုတောင်းခြင်း ပြုလုပ်၍ ပျော်ပျော်ပါးပါး တီးမှုတ်ကခုန် စားကြသောက်ကြလေ့ရှိသည်။ထိုရက်နှစ်ရက်သည် ပွဲတော်၏ နောက်ဆုံးနေ့များဖြစ်သည်။


age
FOTOSTOCK



ချင်းလူမျိုးများသည် ရှေးအခါက နတ်ဘာသာကို ကိုးကွယ်ကြသော်လည်း ယခုအခါတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာများ လွှမ်းမိုးလာကြသည့်နည်းတူ ခေတ်နှင့် လျော်ညီမှုမရှိတော့သော ရွှေ့ပြောင်းတောင်ယာစနစ် လုပ်ကိုင်လာခြင်း နည်းပါးခြင်းကြောင့်လည်းကောင်း၊ အမဲလိုက်ခြင်းဓလေ့များ ပျောက်ကွယ်လုနီးပါးဖြစ်ခြင်းကြောင့်လည်းကောင်း ချို(ချင်း)မျိုးနွယ်စုများသည် **ကုမ်သီ** (နှစ်သစ်ကူး) ပွဲတော်ကို ရှေးဓလေ့ရိုးရာအတိုင်း ကျင်းပခြင်းမရှိတော့ပေ။ ခေတ်နှင့်အညီ ပွဲတော်ရက်ကို ချုံ့လျက် ဘာသာရေးအရ ဆုတောင်းပွဲအဖြစ်ယနေ့ထိတိုင်ကျင်းပနေကြောင်းကို ချို(ချင်း)အများစု နေထိုင်သော မင်းတပ်မြို့တွင် တွေ့ရှိရမည်ဖြစ်သည်။ ကုမ်သီပွဲတော်သည် ချို(ချင်း)များ၏ ဘိုး၊ဘွားအစဉ်အဆက်ကျင်းပခဲ့သည့်နည်း တူမျိုးဆက်သစ်များနှင့်လူငယ်လူရွယ်များမှ ရိုးရာဓလေ့ပွဲတော်များကို ဆက်လက်ထိန်းသိမ်းသင့်ပေသည်။

# KONYAK AOLENG MO NYU (ကိုညတ်အော်လျန်မိုးညူ) ခေါ် ကိုညတ် (နာဂ) မျိုးနွယ်စုတို့၏ နှစ်သစ်ကူးပွဲတော်အကြောင်း

(၁) Konyak Aoleng Mo Nyu ကိုညတ်အော်လျန်မိုးညူ(ခေါ်) ကိုညတ်တို့၏ နှစ်သစ်ကူးပွဲတော်သည် တစ်နှစ်မှာ တစ်ကြိမ်ကျင်းပသည့် ရှေးယခင် ကိုညတ်လူမျိုးတို့စတင်သည့်ခေတ်မှ ယနေ့အထိ ကျင်းပသည့် အထိမ်းအမှတ်ပွဲ ဖြစ်ပါသည်။ နှစ်ဟောင်းကုန်ပြီး နှစ်သစ်အတွက် ဆုတောင်းသည့်ပွဲဖြစ်ပြီး ကိုညတ်အော်လျန်မိုးညူ(ခေါ်) ကိုညတ်တို့၏ နှစ်သစ်ကူးပွဲတော်ကို ကိုညတ်လူမျိုးများ နေထိုင်ရာနေရာဒေသတွင် မလုပ်မဖြစ်ရပ်ဆိုင်းလို့မရသည့် ပွဲဖြစ်ပြီး နှစ်သစ်ကူးပွဲ မပြုလုပ်ပါက တောင်ယာသီးနှံများ အောင်မြင်မှုမရှိရပ်ရွာတွင် အနာရောဂါကျရောက်နိုင်ကြောင်း ယုံကြည်ထားခြင်းဖြစ်ပါသည်။

(၂) ရှေးယခင်က ကိုညတ်တို့၏ နှစ်သစ်ကူးပွဲတော်ကို ခန့်မှန်းလ မတ်လဆန်း(၁) ရက်နေ့မှ စတင်ကျင်းပကြပါသည်။ မတ်လကို (Konyak Aoleng Leat) (ကိုညတ်အော်လျန်လတ်)ဟု ခေါ်ဝေါ်သတ်မှတ်ကြပြီး နှစ်သစ်ကူးပွဲလအဖြစ် သတ်မှတ်ကျင်းပလာခြင်းဖြစ်ပါသည်။

(၃) ကိုညတ် (နာဂ) လူမျိုးများသည် ရှေးယခင်မှ ယနေ့ထိ ကျေးရွာရှိ (paan) (ပါ) ခေါ်(ပန်) ကျေးရွာရပ်ကွက်ရုံး သို့မဟုတ် (Ahung Nok) (အန်းနောက်) ခေါ် ကျေးရွာရှိ စော်ဘွားကြီးအိမ်တွင် ရပ်ရွာလူကြီးများ စုစည်း၍ စည်းဝေးဆုံးဖြတ်ပြီးမှသာ ရပ်ရေးရွာရေး လုပ်ငန်းများကို စတင်လုပ်ဆောင်ကြရပါသည်။

**(က)** ကိုညတ်လူမျိုးတို့ KONYAK AOLENG MO NYU (ကိုညတ်အော်လျန်မိုးညူ)ခေါ် ရိုးရာယဉ်ကျေးမှုနှစ်သစ်ကူးပွဲတော် ပြုလုပ်ရသည့် ရိုးရာဓလေ့ထုံးတမ်းစဉ် လာများ

(၁) တစ်နှစ်တာကျေးရွာရှိ လူဦးရေအလိုက် (ဝါးချောင်းတို)တစ်ချောင်းစီ ဥပမာ- မိသားစုတစ်စုတွင်လူ(၅)ဦးရှိလျှင် ဝါးချောင်း(၅)ချောင်း ကို သက်ဆိုင်ရာ "ပန်" သူကြီးထံပေးရပြီး ရပ်ကွက်အလိုက် ပန်အလိုက်စုစည်းပြီး ကျေးရွာရှိ စော်ဘွားကြီးထံ ပို့ရပါသည်။ ပန်သူကြီးများမှ ပေးပို့ထားသည့်ဝါးချောင်းများကို ရပ်မိရပ်ဖနှင့် ပန်သူကြီးများ စော်ဘွားကြီးနေအိမ်တွင် ရောက် ပြီး ကျေးရွာရှိ လူဦးရေကို ထုတ်ပြန်ရပါသည်။







int

(၂) နှစ်သစ်ကူးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း- ထင်းခွေခြင်း၊ ကျွဲ၊ နွားနောက်၊ နွား၊ ဝက်တို့ကို ပွဲတော်အတွက် ကြိုတင်ရှာဖွေ ဝယ်ယူထားကြ ပါသည်။

**(ခ)** KONYAK AOLENG MO NYU (ကိုညတ်အော်လျန် မိုးညျူ)ခေါ် ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်စတင် ခြင်း၊ ဓလေ့ထုံးတမ်းစဉ်လာများ

(၁) အိမ်အတွင်းရှိသားသမီးများထံမှ အရွယ်ရောက်ပြီးသူများရိုးရာအကအတွက် ဝတ်စုံများ ကြိုတင်စုဆောင်းပြင်ဆင်ထားရပါသည်။

(၂) မင်္ဂလာဆောင်ထားပြီး မိန်းကလေးများ အမျိုးသားအိမ်သို့ နှစ်သစ်ကူးပွဲတော်အတွင်း သွားရောက်နေထိုင်ပြီး မိဘအိမ်မှ ထွက်ခွာပြီး ကြောင်း အသိအမှတ်ပြုရပါသည်။

(၃) အရွယ်ရောက်ပြီး မိန်းကလေးအပျို/လူပျိုများ သည် ရိုးရာနှစ်သစ်ကူးပွဲတော်မှ စတင်ပြီး မိဘအိမ်တွင် ညမအိပ်စေဘဲ သူငယ်ချင်းမိန်း ကလေးအိမ်ဆီ ညအိပ်ရန် ကြိုတင်ပြင်ဆင်ထား ရသည့် ဓလေ့ထုံးတမ်းရှိပါသည်။

**(ဂ)** KONYAK ALOENG MO NYU (ကိုညတ်အော်လျှန်မိုးညျူ)ခေါ် ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော် စတင်ကျင်းပခြင်း

**ပထမရက်**- တစ်နှစ်မှာ တစ်ကြိမ်သာကျင်းပသည့် ကိုညတ်တို့၏ နှစ်သစ်ကူးပွဲစတင်ကြောင်း တစ်ရွာလုံး သိအောင် လဆန်း(၁)ရက်နေ့မနက်ပိုင်းတွင် ကျေးရွာ အတွင်းရှိ “ပန်”တုံးများခေါက်ပေးရပါသည်။

**ဒုတိယရက်**- ကျေးရွာစော်ဘွားကြီးအိမ်ရှေ့တွင် Untak (အန်တပ်)ခေါ် မဏ္ဍပ်ဆောက် kei phong ကိုင်ဖိုး) ခေါ် ဆုတောင်းတိုင် စိုက်ထူရပါသည်။

**တတိယရက်**- ကျေးရွာရပ်ကွက်အသီးသီးရှိ ပန်းရှေ့တွင် မဏ္ဍပ်ဆောက် ဆုတောင်းတိုင် စိုက်ထူရပါသည်။

**စတုတ္ထရက်**- နှစ်သစ်ကူးပြီးနှစ်ဟောင်းအညစ်အကြေး ဆေးကြောသည့်အနေဖြင့် ချောင်းရေ၊ ရေကန်များသို့ သွားကြပြီး ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း စသည် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ကြပါသည်။ နှစ်သစ် ကူးပွဲတော်စတင်ရက် ညနေပိုင်းတွင် မိသားစု စုံစုံလင်လင် ထမင်းမစားမီ မီးဖိုဆောင်ရှိ ကျောက်ခဲ(ဖိုဖနောက်)အား ထမင်း၊ ဟင်းတို့ကို ပထမကျွေးပြီး နောက်မှမိသားစု ထမင်းစားရသည့် ဓလေ့ထုံးတမ်းစဉ်လာရှိပါသည်။

**ပဥ္စမရက်နှင့်ဆဋ္ဌမရက်**များတွင် ပန်အလိုက် အမျိုးသား၊ အမျိုးသမီးများ အဖွဲ့လိုက် ရိုးရာအကများဖြင့် ကပြကြပါသည်။

**သတ္တမရက်-** ညနေပိုင်းတွင် အမျိုးသားများ ရိုးရာအကများဖြင့် ကပြပြီး ပန်တုံးများ တီးခတ်ကြပါသည်။ ကျေးရွာစော်ဘွားကြီးအိမ်ရှေ့နှင့် ပန်များတွင် ဆောက်လုပ်ထားသည့်မဏ္ဍပ်နှင့် ဆုတောင်းနတ်တိုင်များကို အရိုအသေပြုပြီး ဖျက်သိမ်းကြရပါသည်။

**(ဃ)** ယခုအခါခေတ်စနစ် ပြောင်းလဲလာသောကြောင့် KONYAK ALOENG MO NYU (ကိုညတ်အော်လျှန်မိုးညူ) ခေါ် ကိုညတ်(နာဂ)မျိုးနွယ်စုတို့၏ ရိုးရာယဉ်ကျေးမှုနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် ဧပြီလ (၁)ရက်မှ (၆)ရက်အတွင်း ကျင်းပရန်သတ်မှတ်ပြီး၊ကိုညတ် မျိုးနွယ်စုရှိ ကျေးရွာ/ရပ်ကွက်နှင့် ကိုညတ်မျိုးနွယ်စုရှိ နေရာများတွင် အစီအစဉ်ကြိုတင်ရေးဆွဲပြီး ပြုလုပ်ကျင်းပလျက်ရှိသည်။

(၁) ပထမရက်-နှစ်စဉ် ဧပြီလ(၁)ရက်နေ့သည် ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်သည့်ရက်အဖြစ် သတ်မှတ်ပါ သည်။





(၂) ဒုတိယရက် ရိုးရာနှစ်သစ်ကူးပွဲတော် အတွက် ကွဲ၊ နွားနောက်၊ နွား၊ ဝက် စသည့် အကောင်များ ပွဲတော်ဟင်းအတွက် ကြိုတင်ပြင် ဆင်ရပါသည်။

(၃) တတိယရက်နှင့် စတုတ္ထရက်များတွင် ယခု အခါ လူငယ်များအားကစားပွဲကျင်းပရန် သတ်မှတ် ပါသည်။"ပန်"အလိုက် လူငယ်အမျိုးသား/အမျိုး သမီး ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးစသည့် အသင်းအဖွဲ့အလိုက်ဖွဲ့စည်းပြီး အားကစားမျိုး စုံဖြစ် အားကစားပွဲကို ကျင်းပကြပါသည်။ အဆိုပါ အားကစားပွဲအတွက် လူငယ်များမှ ရန်ပုံ ငွေကြိုတင်ရှာဖွေထားရပါသည်။

(၄) ပဥ္စမရက် ပန်အလိုက် အမျိုးသား၊ အမျိုးသမီးများ ရိုးရာဝတ်စုံဖြင့် ရိုးရာအက ကပြကြပါသည်။

(၅) ဆဋ္ဌမရက်- နောက်ဆုံးရက်တွင် မနက်ပိုင်း ကျေးရွာရှိ ဘောလုံးကွင်းမဏ္ဍပ်တွင် ပိတ်ပွဲအခမ်း အနားကျင်းပပြုလုပ်ရပါသည်။ ရိုးရာအက ကျား/မ များနှင့် အားကစားတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့်အသင်း၊ အဖွဲ့လူငယ်များအား ဆုပေးခြင်း

နှင့်လူငယ်များအား ကျေးရွာလူကြီးများမှသြဝါဒပေး ခြင်းများ ပြောဆိုပေးရသည်။ အခမ်းအနားတွင် ကျေးရွာစော်ဘွားကြီး(သို့)ရပ်မိရပ်ဖက သဘာပတိ အဖြစ်ဆောင်ရွက်ရပါသည်။ပိတ်ပွဲအခမ်းအနားတွင် ကျေးရွာရှိပြည်သူလူထုအားလုံး တက်ရောက်ကြပြီး နောင်နှစ်တောင်ယာတွင် ဆန်၊ စပါး၊ သီးနှံများ အောင်မြင်စေရန်နှင့် ကျေးရွာအတွင်း နေထိုင်ကြ သည့်ပြည်သူလူထုအားလုံးအနာရောဂါမှ ကင်းဝေး စေရန် ကျွန်တော်တို့ကိုးကွယ်ယုံကြည်သည့် ဘုရား သခင်ထံဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်း ပါသည်။

**ဆဌမရက်**- ညနေပိုင်းတွင် ကျေးရွာသူကြီးများ၊ စော်ဘွားကြီးများ သို့မဟုတ် ရပ်မိရပ်ဖအိမ်တွင် စုစည်း စည်းဝေးပြီး ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကြားလမ်းခုတ် ရှင်းလင်းခြင်း၊ တံတားဆောက်လုပ် ပြုပြင်ခြင်း၊ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ကြရမည့်လုပ်ငန်းတာဝန်များ ခွဲဝေသည့် အစည်းအဝေး ပြုလုပ်ရပါသည်။ ကိုညတ်တို့၏ ကျေးရွာများတွင် ကျေးရွာချင်းဆက်သွယ်ရေးလမ်း၊ တံတားများကို “ပန်” အလိုက် အကွာအဝေးသတ်မှတ်ပြီး တာဝန်ယူဆောင်ရွက် ရပါသည်။

KONYAK ALOENG MO NYU(ကိုညတ်အောင်လျှန် မိုးညူ)ခေါ် ကိုညတ် (နာဂ)မျိုးနွယ်စုတို့၏ တစ်နှစ်မှ တစ်ကြိမ်သာကျင်းပသည့် ရိုးရာနှစ်သစ်ကူးပွဲတော်သည် မကျင်းပပဲ ရပ်ဆိုင်းလို့မရသည့် ရှေးယခင်မှ ယခုအထိ ကိုညတ်တို့၏အထိမ်းအမှတ်ပွဲဖြစ်ပြီးနှစ်စဉ်ဧပြီ(၁)ရက်မှ (၆)ရက်အတွင်း ကျင်းပလျက်ရှိကြောင်းနှင့် ညီကိုများ အားလုံး နှစ်စဉ်ဧပြီလဆန်းပိုင်းတွင် ကျွန်တော်တို့ (ကိုညတ်အောင်လျှန်ပွဲ) ရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်လေ့လာကြပါရန် ဖိတ်ခေါ်ရင်း လဟယ်မြို့နယ် အရှေ့မြောက်ဘက်ရှိ ကိုညတ်(နာဂ)တို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်အကြောင်း တင်ပြအပ်ပါသည်။

# ထားဝယ်ဒေလေ့မိုးခေါ်ပွဲများ

စိုက်ပျိုးရာသီကျရောက်လာပြီဆိုလျှင်တောင်သူလယ်သမားဦးကြီးများ မိုးကိုမျှော်ကြရသည်။ မိုးသာလျှင်ပျိုးသာ၍ ဝမ်းသာကြည်နူးဖြစ်ကြရသကဲ့သို့ မိုးခေါင်လျှင်ပျိုးအောင်ရေရရှိရေးအတွက် အခက်အခဲနှင့်ကြုံတွေ့ရလေသည်။မြန်မာနိုင်ငံသည် မိုးကောင်းသောနိုင်ငံ တစ်နိုင်ငံဖြစ်သော်လည်း အချို့နေရာတို့တွင် မိုးများပြီး အချို့နေရာတို့တွင် မိုးနည်းတတ်ကာ အချို့နေရာများတွင် မိုးခေါင်တတ်လေသည်။

မိုးခေါင်သောအခါ မြန်မာ့အရပ်ဓလေ့ အမျိုးမျိုးတို့ ဖြင့် ခေါင်နေသောမိုးကိုပြန်လည်ရွာသွန်းစေရန် “မိုးခေါ်ပွဲ”များ ပြုလုပ်ကြလေသည်။ မိုးခေါ်ပွဲများတွင် သီဆို ကြသော မိုးခေါ်သီချင်းများမှာလည်း စိတ်ဝင်စား ဖွယ်ကောင်း၍ သာယာနာပျော်ဖွယ်ရှိလှပေသည်။ အထက် အညာဒေသတွင် မိုးခေါင်သောအခါ ငါးရံ့မင်းပရိတ်ကို ရွတ်ဖတ်၍ လွန်ဆွဲပွဲ များပြုလုပ်ကာ မိုးခေါ်ကြသည်။ အောက်အကြေ ဒေသ ဖြစ်သော ထားဝယ်ဒေသတွင် မိုးခေါင်သောအခါ မိုးခေါ်ပွဲ ကျင်းပကြသည်။ ပထမအဆင့် အဖြစ်‘လွန်ဆွဲပွဲ’ များပြုလုပ် ကြပြီး ဒုတိယအဆင့်အဖြစ် “ဖားထီးဖားမပွဲ”ကို ပြုလုပ်ကြကာ၊ တတိယအဆင့် အဖြစ် “ငါးခုံမ ရေမြှုပ်ပွဲ”ကို ပြုလုပ်ကြလေသည်။

ထိုသို့ပြုလုပ်သည့်အခါ မိုးခေါ်သီချင်းများကို သီဆိုကခုန် တီးမှုတ်ကြလေသည်။

## မိုးခေါ်လွန်ဆွဲပွဲ

မိုးခေါ်လွန်ဆွဲပွဲပြုလုပ်ကြပုံမှာ မိုးခေါင်ကျော်စွာ နတ်အား နတ်ကတော့ပွဲများဖြင့် ပူဇော်ပသ၍ အိုးစည်ဝိုင်း၊ အက အခုန်တို့ဖြင့် စည်ကားစွာ ကျင်းပပြုလုပ်သည်။ ဖောင်သဏ္ဍာန်စင်ထိုး၍ ထိုစင်ပေါ်တွင် မိုးခေါင်ကျော်စွာ နတ်ကသူသည် နတ်ဝတ်နတ်စားဖြင့်ကရသည်။ လွန်ဆွဲ သူယောကျာ်း၊ မိန်းမတို့သည် မိုးခေါ်သီချင်းများသီဆို ကာလွန်ဆွဲ၍ မိုးခေါ်ကြလေသည်။ မရွာပဲခေါင်နေသော မိုးသည် မိုးခေါင်ကျော်စွာနတ်အား နတ်ကတော့ပွဲများဖြင့် ပူဇော်ပသပြီး လွန်ဆွဲပွဲများ ပြုလုပ်သည့်အခါ မိုးရွာ သည်ဟု ယုံကြည်ကြလေသည်။

အချို့ကလည်း ငမိုးရိပ်မိကျောင်းဖြင့် မိုးခေါ်ကြသည်။ ထိုစဉ်အခါက ထားဝယ်ဒေသတွင်ပြုလုပ်ထားသော ငမိုးရိပ်မိကျောင်းအရုပ်မှာ သုံးတောင်ခန့် ရှိလေသည်။ ငမိုးရိပ်မိကျောင်းအရုပ်ကို ချထား၍ ဝမ်းဗိုက်အောက်တွင် တုံးတစ်ခုခံထားသည်။ နတ်ကသူသည် မိကျောင်းအရုပ် ကျောပေါ်တွင် ခွထိုင်ကာ ရှေ့တိုးနောက်ငင် ပြုလုပ်၍ နတ်ကရသည်။ထိုနောက် မိကျောင်းအရုပ်ခါးလယ်တွင် လွန်ဆွဲမည့်ကြိုးဖြင့်ချည်၍ လွန်ဆွဲ ပွဲပြုလုပ်ကြသည်။





D/mai than myint

ထိုသို့ပြုလုပ်ကြသည့်အခါ နတ်ကန်တော့ပွဲများပေးခြင်း၊ အိုးစည်ဝိုင်း၊အကအခုန်တို့ဖြင့် မိုးခေါ်သီချင်းများ သီဆိုကြလေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀-ခန့်က မိုးခေါ်လွန်ဆွဲ ပွဲများကို ထားဝယ်ဒေသရပ်ကွက်အချို့တွင် စည်ကားစွာ ပြုလုပ်ခဲ့ကြပေသည်။ မိုးခေါင်ကျော်စွာနတ်အား ပူဇော်ပသလျက်ကြီးကျယ်သော မိုးခေါ်လွန်ဆွဲပွဲများကို ပြုလုပ်ခဲ့ကြပြီး၊ မိုးခေါင်ကျော်စွာဇာတ်ထုပ်ကိုရုပ်ရှင် ပြသခဲ့သည်။ ရုပ်ရှင်ပြသနေစဉ် မိုးရွာလာခဲ့ကြောင်း သိရပေသည်။ ထို့ပြင် မိုးခေါ်လွန်ဆွဲပွဲများလည်း ပြုလုပ်ခဲ့ကြပေသည်။ ထားဝယ် ဒေသတွင် ရှေးအစဉ်အလာအရ သီဆိုကြသောမိုးခေါ် သီချင်း များမှာ-

၁။မိုး-မိုး ဝါလိုက်ပမိုး

မိုးမဝါပဲကြာလေဘီ

(သံပြိုင်)မိုးကီးလေကီး လာလေဘီ (ဟေး)၃

၂။မိုး-မိုးဝါလိုက်ပမိုး

အီးမိုးခေါန် ဖြုန်းထောန်ရအောန်

(သံပြိုင်) နောနောင်မိုးဝါလိုက်ပါမိုး(ဟေး)၃

၃။ပတော်ပန်ထပ်မာ မီးတ(ဂလယ်)

သတ်ပါလေမိုးမန်ကီး

(သံပြိုင်)ဗျောန်း(ခလောန်း)မြစ်ရေစီး (ဒေး)၃

၄။မိုးထိအောန် လှဂါးထောန်

မိုးမှောန်တွဲလဲ တောန်ကမဲ

(သံပြိုင်) ဝါပါလေ မိုးရွှဲရွှဲ(ဒေး)၃

၅။အာလော့ (ကလီး) မိုးနာနီး

မိုး မိုး ကြိုးပါလေ

(သံပြိုင်)ရွှေခိုင်မိုးကြိုးပါလေ(ဒေး)၃

၆။ကျွဲလူးအိုင်ဖား မိုးမန်းခေါ်

အုမ်အမ်း အုမ်အမ်းအော်

(သံပြိုင်)ကျေးဆန်းရေကျော် ဝါလိုက်ပါမိုး(ဒေး)၃

၇။မိုး မိုး မိုးရိဆင်း

သယ်(မလေ)(မလန်း)မာဝါလှဲ့မိုး

မိုးမဝါဘဲ ကြာလေပြီး

(သံပြိုင်)မိုးကီးလေကီး လာလေဘီး(ဒေး)၃

၈။လေကီးလာလာ

မိုးကီးဝါဝါ

ဆန်ဘားပေါ်လှူ စားမကူ

(သံပြိုင်) တိုင်းကားပြည်သူအေးဘီလေး(ဗေး)၃

၉။မိုး မိုးဝါပါလေ့မယ် ဝါလေ့မယ်

(သံပြိုင်)ဝါပါလေတော့ ဝါလေတော့

(သံပြိုင်) ဝါလာဘီလေ့ ဝါဘီလေ့(ဗေး)၃

မိုးခေါ်သီချင်းကို စည်းလေးလေးဖြင့်သီဆိုရလေသည်။(......)ဖြင့်ဖော်ပြထားသောစကားလုံးများကို ထားဝယ်အသံအတိုင်း ထွက်စေရန်(လဆွဲ)ဆွဲ၍ ရွတ်ဖတ်ရပါသည်။ 'ဗေး' ဟူသောအသံမှာ မိုးသံလေသံများဖြစ်ပါသည်။အထက်ပါသီချင်း ကို မြန်မာပြန်သော်-

၁။မိုးရွာလိုက်ပါ၊ မိုးမရွာတာကြာပါပြီ၊ မိုးကြီးလေလာပါပြီ။

၂။မိုးရွာလိုက်ပါ၊ အိမ်ခေါင်မိုးပေါ်တွင် မြုံးထောင်နိုင်အောင်၊နှောင်ကြီးမိုးရွာလိုက်ပါ။

၃။ပိတောက်ပင်ပေါ်တွင် မီးတကျည်စွဲလောင်နေပြီ၊ မိုးမင်းကြီးငြိမ်းသတ်ပါ၊ မိုးရွာလျှင်ချောင်းမြောင်း၊ မြစ်များရေစီးသွားအောင်ရွာပါ။

၄။တောင်ဘက်က မိုးသားများ မည်းမှောင်နေ၍မိုးထိ
အောင်လှေကားထောင်ပေးပါတယ်၊ မိုးရွဲရွဲစိုအောင်
ရွာချပါ။

၅။မိုးကောင်ကင်နှင့် နီးသွားအောင် ကျီးအာသံပေးကြ
ပါ၊ ကိုရွှေမိုးရယ် မိုးသံလေသံပေးပြီး ထစ်ချုန်းပါ။

၆။ကျွဲလူးအိုင်နေ ဖားတွေက အုမ်အင်-အုမ်အင်နှင့် မိုး
မင်းကိုခေါ်ယူနေကြပြီ၊ လယ်ကန်သင်းရိုး ရေမြုပ်
လျှက် ရေကျော်အောင်မိုးရွာလိုက်ပါ။

၇။မိုးရိပ်လေရိပ်ဆင်ကာ ဤမြေပြင်ပေါ်မိုးရွာချပါ၊ မိုး
မရွာကြာပါပြီ၊ မိုးကြီးလေကြီးရွာလေပြီ။

၈။လေကြီးလာပြီ၊ မိုးကြီးရွာပြီ၊ ဆန်စပါးပေါ၍ လူစား
မကုန်အောင် တိုင်းသူပြည်သားများ အေးချမ်းရပြီ။

၉။မိုးရွာလိမ့်မည်၊ မိုးရွာပါတော့၊ မိုးရွာလေပြီ။

**ဖားထီးဖားမပွဲ**

ဖားထီးဖားမပွဲ ပြုလုပ်ကြပုံမှာ ရှေးယခင်က တည်းက ရိုးရာဆွေမျိုးအစဉ်အဆက်က ပြုလုပ်ခဲ့ဖူး သော ထားဝယ်မြို့၊ ဆန်ချီရပ်ကွက်မှ ယောကျ်ားကြီး တစ်ဦးက ဖာထီးအဖြစ်တာဝန်ယူရပြီး ထားဝယ်မြို့





ကျောက်မော်ရပ်ကွက်မှ မိန်းမကြီးတစ်ဦးက "ဖားမ" အဖြစ် တာဝန်ယူရသည်။ ဖားထီးဖားမပွဲပြုလုပ်မည့်နေ့ရက်တွင်ဖားထီးအဖွဲ့ဖြစ်သော ဆန်းချီရပ်ကွက်မှ ရပ်သူရပ်သားများသည် ရွာလယ်ဇရပ်တွင် စုရုံးပြင်ဆင်မှုများပြုလုပ်ကြသည်။ နံနက် ၇ နာရီခန့်တွင် ဖားထီးအဖြစ်သရုပ်ဆောင်သူအားရှေ့ဆုံးမှတင်ပြီး ဘုရားကန်တော့ပွဲ၊ နတ်ကန်တော့ပွဲများ၊ ကွမ်းတောင်ပန်းတောင်များ၊ ပရိတ်ရေအိုးများကို ရွာသူများကရွက်လျက် အကအခုန်၊ အိုးစည်ဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ထားဝယ်မြို့အရှေ့ဘက်နှစ်မိုင်ခန့်အကွာ ဇလွန်းရွာသို့ သွားကြလေသည်။

ကျောက်မော်ရပ်ကွက်မှာ ဇလွန်းသွားလမ်းခရီးတွင်ကျရောက်သဖြင့် ဆန်းချီရပ်ကွက်မှ ပြင်ဆင်ထားသကဲ့သို့ ပြင်ဆင်ကာ "ဖားမ"ဖြစ်သူကို ရှေ့ဆုံးတင်လျက် ဖားထီးအဖွဲ့ကို စောင့်ဆိုင်းနေရ၏။ ဖားထီးအဖွဲ့ရောက်သောအခါ ဖားထီးအဖွဲ့ကနောက်မှ လိုက်ကာဇလွန်းရွာသို့သွားကြသည်။ ထိုသို့ သွားရာလမ်းတလျှောက်လုံးတွင် မိုးခေါ်သီချင်းများကိုသီဆို၍တီးမှုတ်ကခုန်ကာသွားကြသည်။

ဇလွန်းရွာတွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဖားထီးဖားမအဖွဲ့ကို ကြိုဆိုသမှုပြုကာ အကျွေးအမွေးဖြင့်ဧည့်ခံလေသည်။ မွန်းလွဲ(၁)နာရီခန့်တွင် ဖားမအဖြစ် တာဝန်ယူရသော ယောကျ်ားကြီးနှင့် မိန်းမကြီးတို့အား


ဂလွန့်ရွာဘုန်းတော်ကြီးကျောင်းအနီးရောက်၍မိုးရွာစေရန်ဘားထီးဘားမပွဲကျင်းပသော
အခါ။


၂၃
ဘားထီးဘားမကျင်းပ၍မိုးသီးထန်စွာသွန်းသဖြင့်ဝမ်းမြောက်
ဝမ်းသာဖြစ်ကြခဏ်း။

yint

အဓိကပြုလုပ်၍ ဘုန်းတော်ကြီးများက ငါးပါးသီလပေး သည်။ ငါးရံ့မင်းပရိတ်ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။ ထို့နောက် ဇလွန်းရွာအနီး ငါးရံ့မင်းရေကန်ရှိရာသို့ လာကြပြီး ရေကန်အနီးတွင် ယာယီတူးဖော်ထားသော စတုန်း ၁၀- ပေပတ်လည်ခန့်ရှိသည့် ရေအိုင်အနီးတွင်ဖားမ လုပ်သူကရှေ့၊ ဖားထီးလုပ်သူက နောက်မှဖားကဲ့သို့ လေးဘက်ထောက် ထိုင်ကာနေရာယူကြရသည်။

ထိုအချိန်တွင် နတ်ကန်တော့ပွဲပေးခြင်း၊ ပူဇော် ပသမှုများပြုခြင်းတို့ကိုပြုလုပ်ကြသည်။ ထိုကဲ့သို့ပြုပြီး နောက် ဖားထီးဖားမလုပ်သူတို့သည် ပါးစပ်မှဖားကဲ့သို့ အုမ်အင်-အုမ်အင်ဟုအော်ကာ ခုန်ဆွခုန်ဆွဖြင့် ရေအိုင် ငယ်ထဲသို့အတူတူဆင်းရသည်။ အဖိုအမပျော်မြူးသကဲ့သို့ ဟန်အိုင်ငယ်ကို သုံးပတ် ပတ်ပြီးလျှင် ရေအိုင်ငယ်ထဲသို့ အတူတူဆင်းရသည်။အဖိုအမပျော်မြူးသကဲ့သို့ ဟန်ဖြစ် စေရန် ဖားထီးလုပ်သူကအနောက်မှနေ၍ဖားမလုပ်သူ၏ ပခုံးကိုလက်နှစ်ဘက်ဖြင့် ခေတ္တမျှ တင်ထားရသည်။ ထိုအခါ ဖားထီးဖားမပွဲကို ဦးစီးဦးဆောင်ပြုသူများက ကြိုတင်၍ ရေစိမ်ထားသောပင်စိမ်းစေ့များကို ဖားဥတွေ ဥကြပြီဟု ကြဲပက်ပေးရလေသည်။

ထို့နောက် ဖားထီးဖားမတို့သည် ရေအိုင်ငယ်မှ တက်လာကြပြီး အနီးအနားတွင်ရှိသော အုတ်တံတိုင်း

အနိမ့်ကာရံထားသည့် ငါးရံ့မင်းရေအိုင်သို့ လာကြကာ ကန်ဘောင်ကို ယခင်နည်းအတိုင်း သုံးပတ် ပတ်သည်။ ဖားထီးသည်ရေကန်ထဲသို့ဆင်းသွားကာ ရေမြူးကစားသည်။ ဖားမမှာမူ ရေကန်ထဲသို့မဆင်းရပေ။ ထိုအခါ ဖားထီးဖားမပွဲကို ဦးစီးသူများက ဝါးကျည်တောက်များဖြင့်ရေကန်မှရေကိုခပ်ပြီး ဖျန်းပက်ကာ မိုးရွာဟန်ပြုရသည်။ ဖားထီးသည်လည်း ရေကန်မှရေကို လက်ဖြင့်ယက်၍ ပက်ပေးရသည်။ ဖာထီးဖားမပွဲ ကျင်းပနေချိန်တွင် မည်သူမျှ ထီးမဆောင်းရပေ။ ရေကန်အစီအစဉ်များပြီးသောအခါ ရေကန်မှရေကို ဝါးကျည်တောက်များဖြင့်သယ်ယူ၍ ဇလွန်းရွာတောင်ကုန်းပေါ်ရှိ ဇလွန်းစေတီတော်မြတ်အား ရေသပ္ပာယ်သွန်းလောင်းကြသည်။

ဖားထီးဖားမပွဲကျင်းပနေချိန်တွင် အိုးစည်ဝိုင်း များက မိုးခေါ်သီချင်းများကို သီဆိုတီးမှုတ် ကခုန်နေရ လေသည်။ မိုးရာသီတွင် ဖားသတ္တဝါတို့သည် မိမိတို့ဘာသာဘာဝမိတ်လိုက်ကြ၍ အုမ်အင်-အုမ်အင်အော်ကြသည့်အခါ မိုးရွာတတ်သည်ဟု ယုံကြည်ကြသဖြင့် ထားဝယ်ဒေသတွင် ထိုကဲ့သို့ ဖားထီးဖားမပွဲပြုလုပ်၍ မိုးခေါ်ကြဟန်တူပေသည်။ထားဝယ်ဒေသတွင်ဖားထီးဖားမပွဲများကို၁၉၂၅ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၆၀ ပြည့်နှစ်တွင် တစ်ကြိမ်ပြုလုပ်ခဲ့ဖူးကြောင်းသိရလေသည်။

## ငါးခုံးမ ရေမြှုးပွဲ

ငါးခုံးမရေမြှုးပွဲ ပြုလုပ်ကျင်းပပုံမှာ ကြီးကျယ်ခမ်းနားလှသော မဏ္ဍပ်ကြီးဆောက်၍ ရာဇမတ်ကာသဲဖြူခင်းပြီး အလယ်စင်မြင့်ပေါ်တွင် ရွှေအင်တုံတစ်ခုကိုထားသည်။ နက်ကန်တော့ပွဲများ ပြင်ဆင်ထားသည်။ ရှေးဦးစွာ ငါးခုံးမရွှေရုပ်ကို အမွှေးအကြိုင်နံ့သာရည်တို့ ဖြင့်ဖျန်းပက်သန့်စင်ပြီး ရွှေအင်တုံထဲတွင်ချသည်။ ထို နောက်ရွှေအင်တုံအတွင်းသို့ ဆက်ထားသောရေတံ လျှောက်မှရေသွန်းလောင်းစေ၏။ ရေတံလျှောက်မှကျလာသောရေအရှိန်ကြောင့် ငါးခုံးမအရုပ်သည် ရွှေအင်တုံထဲလှည့်ပတ်ကူးခတ်နေဘိသကဲ့သို့ ရှိနေတော့သည်။

ထိုကဲ့သို့ငါးခုံးမရေမြှုးပွဲကျင်းပနေချိန်တွင် မိုးခေါ်သီချင်းများကိုသီဆိုကာ တပျော်တပါး ကခုန်ကြသည်။ ထိုအပြင် မိုးခေါ်သောအခါ ငါးခုံးမရေမြှုးပွဲကို ကျင်းပသကဲ့သို့ မိုးသည်အလွန်အမင်းရွာသွန်းပါကလည်း ငါးခုံးမမီးကင်ပွဲကို ပြုလုပ်ကြလေသည်။ ငါးခုံးမရေမြှုးပွဲကိုထားဝယ်ဒေသတွင် ၁၉၄၇ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၄၆ခုနှစ်တွင် တစ်ကြိမ် ပြုလုပ်ခဲ့ဖူးကြောင်း သိရပြီးအမှန်ပင် မိုးရွာခဲ့ကြောင်းသိရလေသည်။

ထားဝယ်ဒေသသည်တနင်္သာရီကမ်းရိုးတန်းဒေသတွင်ကျရောက်သဖြင့် မြန်မာနိုင်ငံတွင် မိုးအများဆုံးရွာသောဒေသဖြစ်သည်။ ထို့ကြောင့် မိုးခေါင်ရန် အလွန်ခဲယဉ်းလှလေသည်။သို့သော် ထားဝယ်ဒေသ၏ ထားဝယ်ဓလေ့ မိုးခေါ်သီချင်းမှာ စိတ်ဝင်စားဖွယ်အဖြစ် မပျောက်မပျက်တည်ရှိလျှက်ရှိသည်။ မိုးခေါင်ရန် အလွန်ခဲယဉ်းလှသကဲ့သို့ ထားဝယ်ဒေသ၏မိုးခေါ် လွန်ပွဲများ၊ ဖားထီးဖားမပွဲများ၊ငါးခုံးမရေမြှုးပွဲများကို ထားဝယ်သူထားဝယ်သားများပင် တွေ့ဖူးမြင်ဖူးသူ အလွန်နည်းပါးလှပါသည်။

မည်သို့ပင်ဆိုစေကာမူ "ထားဝယ်ဓလေ့ မိုးခေါ်ပွဲများ" ကိုမူ ရှေးဟောင်းဓလေ့တစ်ရပ်အဖြစ် ထိန်းသိမ်းကြသကဲ့သို့ ထားဝယ်ဓလေ့မိုးခေါ်ပွဲများ အကြောင်းကိုလည်းစိတ်ဝင်စားဖွယ် ထားဝယ်ယဉ်ကျေးမှု တစ်ရပ် အဖြစ်တစေ့တစောင်းတင်ပြလိုက်ရပါသည်။

## မွန်လူမျိုးတို့၏ မင်္ဂလာအခမ်းအနားကျင်းပပုံ

မွန်အပျိုလူပျိုတို့သည် နှစ်ဖက်သောမိဘများက သဘောတူသောကြောင့်လည်းကောင်း၊ လူငယ်အချင်းချင်း သဘောမျှကြသောကြောင့်လည်းကောင်း၊ အကြောင်းကြောင်း ကြောင့် လက်ထပ်ထိမ်းမြားကြတော့မည်ဆိုလျှင် ထိမ်းမြား လက်ထပ်ခြင်းမပြုမီ စေ့စပ်ကြောင်းလမ်းရ၏။ စေ့စပ် ကြောင်းလမ်းခြင်းကို မွန်ဘာသာဖြင့် "ဗ္ဂပ်ဖျပ်မှာန်မ္ဂက်---" ဟုခေါ်သည်။ စေ့စပ်ကြောင်းလမ်းရာတွင် ယောကျ်ားလေး ဖက်မှ အိမ်ထောင်မပျက်ဖူးသော လင်စုံမယားစုံရှိသည့် ယောကျ်ား သို့မဟုတ် မိန်းမ သုံးယောက် သို့မဟုတ် ခုနစ် ယောက်တို့သည် သမီးရှင်အိမ်သို့သွားရောက်ကာ သမီးရှင်၏ လူကြီးမိဘများနှင့် သမီးကိစ္စအတွက် စေ့စပ်တိုင်ပင်ကြသည်။ ဤသို့မသွားမီ ယောကျ်ားလေးဖက်မှ ကြိုတင် အကြောင်း ကြားထားလေ့ရှိသည်။လူငယ်အချင်းချင်း ချစ်ကြိုက်၍ မေတ္တာမျှ သည့် ကိစ္စတွင် သမီးရှင်ဖက်က သဘောမတူလျှင် "သမီးနှင့် တိုင်ပင်ရပါစေဦး၊ သမီးလေးက ငယ်ပါသေးသည်"စသည့် အကြောင်းပြချက်ဖြင့် ငြင်းပယ် တတ်၏။

သမီးရှင်ဖက်က သဘောတူကြလျှင်မူ"ထမင်းအုပ် ဘယ်နှစ်အုပ်နှင့် လာစေချင်သလဲ" ဟုမေးကြသည်။ မင်္ဂလာ ကိစ္စအတွက် တော်သင့်ရုံမျှ စီမံနိုင်သူများက အနည်းဆုံး ထမင်းအုပ် ၁၀၀ အထိ ပြုလုပ်ရန် သဘောမျှကြသည်။

ထမင်းအုပ်သဘောမှာ ယခုခေတ်မင်္ဂလာ ကိစ္စအတွက် မည်၍မည်မျှအကုန်အကျခံသည်ကို ပြောဆိုသောစကား ဖြစ်သည်။ ပစ္စည်းအစား ထမင်းအုပ်နှင့် ပြောခြင်းပင်ဖြစ် သည်။ မိန်းကလေး၏မိဘများက သမက် ရွေးရာတွင် ဥစ္စာ ပေးသူထက်ရိုးသားဖြောင့်မတ်သူ၊အလုပ် ပိုမိုလုပ်နိုင်သူကို လိုလားကြသည်။ယောကျ်ားလေးဖက်ကလည်း မိန်းကလေး များကို ရုပ်ရည်လှပသူထက် အလုပ်လုပ်နိုင်သူ၊ အိမ်ထောင်မှု ကျွမ်းကျင်သူ၊ချက်ပြုတ်ကောင်းသူ အကျင့်သိက္ခာနှင့် ပြည့်စုံ သူ၊ ရိုးသားဖြောင့် မတ်သူတို့ကို ချွေးမအဖြစ် ရွေးချယ် လိုကြသည်။ စေ့စပ်ပြောဆိုစဉ်ကပင် မင်္ဂလာ အတွက် ရက်ကောင်းရက်မြတ်ကို ရွေးချယ်ကြသည်။

မွန်လူမျိုးတို့သည် ဝါတွင်းသုံးလအတွင်း၌ မင်္ဂလာ ဆောင်အခမ်းအနားကိုမကျင်းပကြချေ။ မင်္ဂလာအခမ်းအနား ကျင်းပရန် ကဆုန်၊ တန်ဆောင်မုန်းနှင့် တပေါင်းလများကို အကောင်းဆုံးလများအဖြစ်သတ်မှတ်ကြသည်။ အကြောင်း အမျိုးမျိုးကြောင့် ဤလများတွင် မကျင်းပနိုင်လျှင် ဝါတွင်း သုံးလမှ လွတ်၍ရက်စုံသော ဝါဆိုနှင့် ပြာသိုကို ရွေးချယ်ကြ သည်။ ရက်မစုံသောလများကိုမူ လုံးဝပယ်ကြသည်။ အထူး သဖြင့် တန်ခူးလကိုရှောင်ကြသည်။အဘယ်ကြောင့်ဆိုသော် မွန်လူမျိုးတို့၏ အဆိုအရ “တန်ခူးလတွင် ကျီးကန်းသည် ပင်လျှင် အသိုက် မဆောက်” ဟူ၍ဆိုကြသည်။




ZWE HTET AUNG

မင်္ဂလာဆောင်ရက်အဖြစ်ကိုမူ လဆန်းကို ရွေးချယ်ကြသည်။ ယခုအခါမှာကား စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်များကို အထူးထည့်စဉ်းစားကြပါသည်။

မင်္ဂလာရက်သတ်မှတ်ပြီးနောက် မင်္ဂလာကိစ္စအတွက်နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများကိုဖိတ်ကြားရသည်။ စေ့စပ်ကြောင်းလမ်းစဉ်ကသဘောတူထားခဲ့သည့်အတိုင်း ကုန်ကျစရိတ်အနည်းအများကိုလိုက်၍ လူဖိတ်ရသည်။ မင်္ဂလာဆောင်မည့်နေ့မတိုင်မီသတို့သားဖက်မှလည်းကောင်း၊သတို့သမီးဖက်မှလည်းကောင်း လင်စုံမယားစုံ ခုနစ်စုံကို ကြိုတင်ဖိတ်ထားရသည်။ လင်စုံမယားစုံရွေးချယ်ရာတွင် သားသမီးများများမွေးသူ၊ ဂုဏ်ရှိသူများကို ဦးစားပေးရသည်။ ရာဇဝတ်ဒဏ်သင့်ဖူးသော သားသမီးရှိသည့် မိဘများကို မရွေးချယ်ဘဲအခြားတွင် ရှာဖွေ၍ မရမှသာရွေးကြသည်။ သားမိုက်မိဘဖြစ်ရသည်မှာ မင်္ဂလာကိစ္စတွင် မျက်နှာငယ်ရသည်။

မင်္ဂလာပွဲကို မွန်ဘာသာဖြင့် "မ်ဍဂုထပ်တဲ" ဟုခေါ်သည်။မင်္ဂလာဖိတ်ရာတွင်ဆေးလိပ်ကို ငွေဖလား၌ထည့်ပြီး အိမ်ပေါက်စေ့ဆေးလိပ်ဖြင့် ဖိတ်ကြသည်။ ယခုအခါဖိတ်စာများဖြင့်လည်း ဖိတ်ကြသည်။ လိုက်ဖိတ်သူများမှာ မိစုံ၊ဖစုံ သို့မဟုတ် လင်စုံမယားစုံ အမျိုးသမီးများကဝတ်စုံအသစ်များဖြင့် လိုက်ဖိတ်ရသည်။ မင်္ဂလာ

ရက်တိုင်မီ တစ်ရက်ဖြစ်သော အကြိုနေ့ ညနေဘက်တွင် အပျိုစင်သုံးဦးက ရွှေဖရုံသီး၊ အုန်းသီး၊ ကြာဆန်၊ သဘော်သီးစသော အအေးစာများကို သတို့သမီးအိမ်သို့ သွားပို့ထားရသည်။ ပို့ထားသော ပစ္စည်းများမှာ အရေ အတွက်အားဖြင့် မဂဏန်းဖြစ်ရမည်။ သွားပို့သော အပျို သုံးဦးကိုဆေးလိပ်နှစ်လိပ်စီ ကမ်းပေးရသည်။ သတို့သမီး အိမ်၌သာကျင်းပကြသဖြင့်မင်္ဂလာသတို့သားနှင့် လူကြီးများ၊ သတို့သားဖက်မှ ဆွေမျိုးမိတ်သင်္ဂဟများ သတို့သမီး အိမ်သို့လာရသည်။ မင်္ဂလာရက်တွင် သတို့သားဖက်မှ သတို့သမီးအိမ်လာသောအခါ အောက်ပါအစီအစဉ် အတိုင်း လာရသည်။

လင်စုံမယားစုံ ခုနစ်စုံဖြစ်သောလူကြီးလုပ်သူ၁၄ ဦးက ကိုယ့်အတွဲနှင့်ကိုယ် ရှေ့ဆုံးကလာရသည်။ မင်္ဂလာ အိမ်တက်တောင်းကို သမီးဦး(သမီးကြီး)က ရွက်ကာ လူကြီး များနောက်မှလိုက်ရသည်။ ယင်းမင်္ဂလာအိမ်တက် တောင်းကို မွန်ဘာသာဖြင့် “နကိုန်” ဟုခေါ်သည်။ လှပစွာ ရက်ထားသောတောင်း သို့မဟုတ် သရိုးကိုင်ထားသော တောင်း သို့မဟုတ် မှန်စီရွှေချထားသော တောင်းကို အိမ်တက်တောင်းအဖြစ် အသုံးပြုကြသည်။ တောင်း၏ပုံသည် ရွှေဖရုံသီးပုံကဲ့သို့ လုံးဝန်းပါသည်။ မင်္ဂလာအိမ်တက် တောင်းထဲတွင် အရှည်တစ်တောင် ခန့်ရှိသောအုန်းပင် တစ်ပင်၊ကွမ်းသီးပင်ပေါက်တစ်ပင်၊ ကွမ်း၊ ကွမ်းသီးဆေး၊


24.11.2019

လက်ဖက်၊ ငရုတ်၊ ကြက်သွန်၊ ဆန်၊ ဆီ၊ ဆားစသည့် အိမ်ထောင်တစ်ခု၏ ဝမ်းစာ ပစ္စည်းများကို စတိအဖြစ် ထားပြီး တောင်းကိုပုဝါဖြင့် ပတ်ထားသည်။ မင်္ဂလာ တောင်းရွက်သူသမီးဦးနောက်တွင် သမီးလတ်၊သမီးထွေး စသည်ဖြင့်အစဉ်အတိုင်း ထမင်းအုပ်ရွက်သူ အပျိုစင်များ လိုက်ပါရသည်။ ထမင်းအုပ် ၂၅ အုပ်နှင့် လာသည်ဟု ဆိုလျှင် သမီးလတ်ကစ၍ အပျိုစင် ၂၅ ဦး တို့က အစဉ်အတိုင်း နောက်ကရွက်ခဲ့ရသည်။ ထမင်းအုပ်တွင် စားဖွယ်သောက်ဖွယ်ချိုချဉ်မျိုးစုံ ကွမ်းဆေးနှင့် လက်ဖက် တို့ပါဝင်သည်။

ယင်းတို့နောက်မှ ခန်းဝင်ပစ္စည်းများကို ယောက်ျား၊ မိန်းမစုပေါင်း၍သယ်လာခဲ့ကြသည်။ သတို့သားလည်း ခန်းဝင်ပစ္စည်းသယ်ယူသူများနှင့်အတူ လိုက်ပါလာသည်။ ခန်းဝင်ပစ္စည်းသယ်သူများ၏ နောက်မှ အိုးစည်ဗုံမောင်း အဖွဲ့က အဆိုအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် လိုက်ပါ လာကြသည်။ သတို့သားအဖွဲ့ သတို့သမီးအိမ်မရောက်ခင် လမ်းမှာဆီး၍ ရွှေဆွဲကြိုးဖြင့်တားကြသည်။ တားသူများ ကမသိဟန်ဆောင်၍မေးခွန်းများမေးလျှင် လာသူများက ပြေလည်အောင် ဖြေဆိုရသည်။ ရွှေဆွဲကြိုးတားသူများကို ငွေ၊ ဆေးလိပ်၊ မုန့်စသည့်ဖြင့်ပေးကြရသည်။ တားသူ များက မသိဟန်ဆောင်၍ “မင်းတို့မည်သည့်အမျိုးအနွယ် ဖြစ်ပြီး ယခုဘယ်သွားကြမည်နည်း” ဟုမေးလျှင်သတို့

သားဖက်မှ "ကျွန်တော်တို့ ဗြဟ္မာမျိုးနွယ်တွေပါ။ ဟိုအိမ်မှာ အကူအညီမရှိတဲ့အတွက် (ဝိုင်းကူလုပ်ပေးမယ့်သူ) အကူအညီပေးရန်လာကြောင်း" အချက်ကျကျ ဖြေကြရသည်။

"အချိန်အခါမဟုတ် လူစုလူဝေးနှင့် ညံ့ညံ့စီစီ ပစ္စည်းကိရိယာစုံလင်စွာဖြင့် မည်သည့်ကိစ္စနှင့်လာကြကြောင်း" ကိုမေးလျှင် သတို့သားဖက်မှ "ယခုကဲ့သို့ဖြစ်လာရခြင်းမှာတခြားကြားသိရလို့ တို့မိဘ မောင်နှမတွေက အိမ်ကိုလုပ်ကျွေးဖို့ စေလွှတ်လိုက်ခြင်းဖြစ်၍ လက်ခံ/မခံ သိလိုကြောင်းပြောကြမည်။ ထိုအခါ သတို့သမီးဖက်မှ"ယခုအလုပ်အကျွေးလာလုပ်သူမှာ လူဆိုးလူကောင်းမသိရကြောင်း၊ ကြွေးမြီကင်းသူဟုတ်မဟုတ်၊ ရာဇဝတ်မှုကင်းမကင်းနှင့်အခြား ပြုစုရမည့်သူ အပိုရှိမရှိသိလိုကြောင်း"မေးကြသည်။ ထိုအခါ သတို့သားဖက်က "ယခုလာသူမှာ အကျင့်စာရိတ္တကောင်းသည့်သူ လူရိုးလူဖြောင့်ဖြစ်ကြောင်း၊ ရာဇဝတ်မှုအပြစ်ကင်းကြောင်း ရိုးမြေကျလုပ်ကျွေးပြုစုမည့်လူဖြစ်၍ လက်ခံရန် အနူးအညွတ်တောင်းပန်ပါသည်" ဟုပြောဆိုသည့်အခါ သတို့သမီးဖက်မှ လူကြီးများကအားလုံးကို အိမ်ပေါ်သို့တက်ကြရန် ဖိတ်ခေါ်လိုက်ကြသည်။

သတို့သမီးအိမ်ပေါ်သို့ရောက်သောအခါ လှေကားထိပ်၌ အမွှေးနံ့သာရည်၊ မြေစာပင်၊ သပြေခက်ပါရှိသော





ငွေဖလား(သို့မဟုတ်)ခွက်တစ်ခုခုဖြင့် အသင့် စောင့်ဆိုင်း နေသည့်သတို့သမီး၏ မိခင်က အစဉ်အတိုင်း တက်လာကြသော သတို့သားဖက်မှပရိတ်သတ်များကို သပြေခက်ဖြင့်အမွှေးနံ့သာရည်ဖျန်းပက်ကြသည်။ထို့နောက်အခမ်းအနား ကျင်းပသည့်နေရာတွင် သတို့သမီးဖက်မှ လူကြီးခုနစ်စုံနှင့် သတို့သားဖက်မှ လူကြီးခုနစ်စုံတို့သည် မျက်နှာချင်းဆိုင် စီတန်း၍ထိုင်ကြသည်။ သတို့သားအိမ်က သမီးဦး ရွက်လာခဲ့သော မင်္ဂလာတက်တောင်းကို သတို့သမီး အိမ်က သမီးဦးကပင်ကမ်းယူ၍ နေရာတကျထားရ သည်။ ထိုနည်းအတိုင်း သမီးလတ်လက်မှ ထမင်းအုပ်ကို သတို့သမီးဘက်က သမီးလတ်ကလည်း ကမ်းယူ၍ သတ်မှတ်ထားသည့်နေ ရာတွင်ထားကြရသည်။ မင်္ဂလာ အိမ်တက်တောင်းနှင့် မင်္ဂလာထမင်းအုပ်(ဆွမ်းအုပ်) များကို အလယ်တွင် နေရာချထားကြသည်။ အိမ်အခန်း အကျယ်ကိုလိုက်၍ အခမ်းအနားပြင်ဆင်ကြသည်။ တစ်ချို့ တတ်နိုင်သူများက မဏ္ဍာပ်ဆောက်လုပ်ကြသည်။ ဟိုတယ်များတွင်လည်းကောင်း၊ တည်းခိုခန်းမများတွင် လည်းကောင်း ပြုလုပ်တတ်ကြသည်။ မင်္ဂလာ အိမ်တက် တောင်းကိုပုဝါဖြင့် အုပ်၍ထမင်းအုပ်များကို ပုဆိုး ရှည်ဖြင့်လည်း ဖုံးအုပ်ထားရသည်။ အားလုံးနေရာတကျ ဖြစ်သောအခါသတို့သမီးဖက်မှ ခေါင်းဆောင်တစ်ဦးက မင်္ဂလာကိစ္စကိုမေး၍ သတို့သားဖက်မှ ခေါင်းဆောင်တစ်ဦးက





ပြန်ဖြေရသည်။ မေးကြဖြေကြရာတွင် သာမန်စကားဖြင့် ရိုးရိုးမဟုတ်ပဲ မွန်ဘာသာဖြင့်ဖွဲ့ဆိုထားသော အလင်္ကာကို အသံနေအသံထားဖြင့်ရွတ်ဆို မေးဖြေကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဤမေးဖြေခြင်းမျိုးသည် အချို့ဒေသများတွင် ယခုတိုင်ရှိသေးသည်။ အရပ်ဒေသကိုလိုက်၍ အလင်္ကာဖွဲ့ဆိုထားပုံ မတူညီကြသော်လည်း သဘောထားက အတူတူပင်ဖြစ်သည်။ ဤကဲ့သို့ပြုလုပ်သည့် မင်္ဂလာ အခမ်းအနားမှာ မူဩဝါဒ ပြောတတ်ဆိုတတ်သူ တစ်ဦးသော်လည်းကောင်း၊ သို့မဟုတ် မင်္ဂလာဩဝါဒချီးမြှင့်သည့် ဆရာကြီး တစ်ဦးဦးကသော်လည်းကောင်း သတို့သားနှင့် သတို့သမီး နှစ်ဦးအားတစ်ဦးချင်းစီကိုကောင်းနိုးရာရာ ဆုံးမဩဝါဒ ပေးကြပါသည်။

မေးကြဖြေကြပုံကို ဖေါ်ပြရပါမူ “မေတ္တာကြိုး သွယ်ပြဟ္မနွယ်တစ်ရပ်တစ်ဆွေလုံးပေါင်းစု၍ ပိုးနုပုဝါ ပါးဖြင့်ဆင်မြန်းလာသည်မှာ နတ်သဘင်ဝယ်နတ် မယ်လှပမာ ထယ်ဝါလှပါဘိ၏။ ကွမ်းဆေး၊ လက်ဖက်၊ အုန်း၊ ထန်း အစုံတို့ဖြင့် ကျွန်ုပ်တို့ထံ ရောက်လာသည့်ကိစ္စကို ရှင်းလင်းတော်မူပါ။ ရှိလျှင် အလိုဖြည့်ရန်ဖြစ် ၍မရှိက ကန်တော့ရန်ဖြစ်ပါ၏။ မြန်မြန်သာ ပြောပါကွယ် ဗြဟ္မာနွယ်”ဟု သတို့သမီးဖက်မှ မေးခြင်းကို သတို့သားဖက် ဖြေကြားပုံမှာ “မေတ္တာကြိုးသွယ်ဗြဟ္မာနွယ် ရွှေ၊ ငွေ၊ လှေ၊ လှည်း လည်ဖြေလည်း

မလိုချင်ပါ သတို့သားငယ်သည် ယခုအခါ အရွယ်ရောက် လာပါပြီ။ ဘဝရေစက်နှိုးဆော်ချက်ဖြင့် အဆွေသတို့သမီး နှင့် မေတ္တာဆက်လိုကြောင်း ပြောလာသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့လာအပ်ရသည်။ စိတ်တူသဘောတူလျှင် နှစ်ဦး နှစ်ဖက်မေတ္တာမျှ၍ အေးရေစဉ်ဖျန်း မေတ္တာပန်းပွင့် ကြရန်ဖြစ်ပေသည် ဖြပမ္ဘာနွယ်" ဖြစ်ပါ သည်။

ဆက်လက်၍ သတို့သမီးဖက်မှ "မေတ္တာကြိုး သွယ်ဖြပမ္ဘာနွယ် ပစ္စည်းဥစ္စာများ ယူဆောင်လျက် ကျွန်တော်တို့ထံသင်တို့ ရောက်လာပါပြီ။ သတို့သားငယ် သည် မည်သို့သောသူနည်း။ ခေါင်းမာ၍ ပြောရခက်သောသူ ဖြစ်လျှင်လည်း ဖြစ်ပေသည်။ လက်ထပ်ပြီး သောသူဖြစ်ချင် ဖြစ်ပေသည်။ အာမခံသူမရှိဘဲ ကျွန်တော်တို့သည် သတို့သား ငယ်အား သမက်အဖြစ် လက်မခံရဲပါ။ သမက်မတော်ဝံ့ပါ" ဟု ပြောပြီးလျှင် သတို့သားမှ ပြောကြားပုံက "မေတ္တာကြိုး သွယ်ဖြပမ္ဘာနွယ် နားကို ဖွင့်၍စွင့်ပါလော့။ သတို့သား၏ အကြောင်းကို ပထမဦးစွာပြောပြပါမည်။ သတိုးသားငယ်၏ လုပသော ရုပ်ရည် ရူပါကကို မြင်သူတိုင်း ချစ်ခင်လိမ့်မည်။ သူတို့သားငယ်မှာ အရက်မသောက်၊ ဘိန်းမရှူ၊ လောင်းကစား မပြုပါ။ မယုံပါက စုံစမ်းနိုင်ပါသည်။ အလုပ်လုပ်ရာတွင် လျှင်မြန် ဖျတ်လတ်ပြီး သတိဝီရိယနှင့်လည်း ပြည့်စုံပါသည်။ သတို့သား၏ အရည်အသွေးကို သိပြီးသည့်နောက်မှ သမက်

အဖြစ် လာရောက်အပ်နှံခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ အာမခံပါသည်။ သမက်အဖြစ် လက်ခံလိုက်ပါတော့” ဟူသတည်း။

ဤကဲ့သို့ အမေးအဖြေနှင့် တစ်ဆက်တည်းပင် သတို့သမီးဖက်မှ ကိုယ်ရည်ကိုယ်သွေး ထုတ်ဖော်ပြော ကြားပြန်သည်။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော သတို့ သမီးငယ်သည် မိခင်ကောင်း ဖြစ်နိုင်သည်။ ဝိသာခါကဲ့သို့ ကောင်းသော အရည်အချင်းနှင့် ပြည့်စုံပါသည်။ မြင်ရသူ အပေါင်းကချွေးမတော်ချင်ကြသည်။မိန်းမများ တတ်သင့် တတ်ထိုက်သော အိမ်တွင်းမှု ပညာများ၊ ယက္ကန်းအတတ်၊ မိုင်းငင်၊ ဝါဖတ် အတတ်များအပြင် ရောင်းဝယ်ဖောက် ကားခြင်းလည်း ကျွမ်းကျင်လိမ္မာပါသည် အစရှိသည်ဖြင့် မိမိတတ်ထားသည့်ပညာရပ်များ ထုတ်ဖော်ပြောကြားသည်။ တဖန်သတို့သားငယ်သည် ရိုးသား၍ ကြိုးစားခြင်း၊ အမြော် အမြင်ကြီးမားခြင်း၊ ယောကျ်ားတို့ တတ်အပ်သောအတတ် “တစ်ဆယ့်ရှစ်ပါးအပြင် အခြားအရေးတွင်လည်း စိတ်ပါဝင် စားခြင်း၊ ဗေဒင်အတတ်ပညာတတ်မြောက်ခြင်း” အသက်(၂၀) ဆယ်ကျော်သောအခါ ပဉ္စင်းတက်၍ မိုးတွင်း စာပေကျမ်းဂန် များကို လေ့လာဆည်းပူးခဲ့သည့် ဂုဏ်ပုဒ်ကို ထုတ်ဖော် ကြသည်။ ဤကဲ့သို့ အပြန်အလှန် ဖော်ထုတ်ပြီးလျှင် လက်ထပ်ပွဲကိုစကြသည်။

လက်ထပ်ပုံမှာ သတို့သားနှင့် သတို့သမီးတို့ကို နှစ်ဦး ယှဉ်ထိုင်စေပြီးနောက် မြေဇာမြက်၊ ပန်း၊ နံ့သာ ထည့်သွင်း ပြင်ဆင်ထားသော ငွေဖလား တစ်ခုတွင် လက်တစ်ဖက် နှစ်ထားရသည်။ လက်နှစ်ထားစဉ် လက်ထပ်ပေးသူ ဆရာကြီးက မင်္ဂလာဆောင်အပ်နှင်းကြောင်း ဂါထာကို ရွတ်ဆိုရသည်။ ဂါထာဆုံးလျှင်လက် အသီးသီးထုတ်၍ သတို့သမီးလက်ပေါ်သို့ သတို့သား လက်အုပ်ကာ ပုဝါစည်း ထားရသည်။ လက်ထပ်ဂါထာကိုလည်း ရွတ်ပြီးလျှင် လင်ကျင့်ဝတ် မယားကျင့်ဝတ်များကို သွန်သင်ဆုံးမသည်။ လက်ထပ်ပြီးလျှင်ဆရာကြီး ဖြစ်သူကဂါထာကို တစ်ပိုဒ်ဆိုရင်း မင်္ဂလာအိမ်တက်တောင်းတွင် အုပ်ထားသည့်ပုဝါကို ရှေးဦးစွာ ဖြေးဖြေးဖွင့်ရသည်။ ထို့နောက်ထမင်းအုပ်များကို ဂါထာရွတ်ဆို ရင်း အုပ်ထားသောပုဆိုးကို လှပ်၍လှပ်၍ တစ်အုပ်ပြီး တစ်အုပ် ဖွင့်ရသည်။ထမင်းအုပ်ဖွင့်တိုင်း ပရိတ်သတ် များက ကောင်းချီးသြဘာ လက်ခုပ်တီးကြ သည်။

ထို့နောက် ထမင်းအုပ်အသီးသီးမှ ထမင်းဟင်း ချိုချဉ်များကို အနည်းငယ်စီယူကာ သတို့သားနှင့် သတို့ သမီးလက်ဆုံစားရန်ပေးရသည်။ သတို့သားကသတို့သမီးအား စတိ ထမင်းတစ်လုတ် ခွံ့ကျွေးသည်။ သတို့သမီးကလည်း သတို့သားကိုပြန်ခွံ့ကျွေးရသည်။ ထိုအချိန်တွင်ပင် နှစ်ဦး နှစ်ဖက်သော အိမ်ထောင်စုံလူကြီးများနှင့် ကြွလာသော

ပရိတ်သတ်များကို မင်္ဂလာပွဲထိုင်စားသောက်ကြရသည်။ ပြီးလျှင်သတို့သားနှင့် သတို့သမီးတို့သည် နှစ်ဖက်သော လူကြီးမိဘများအား ကန်တော့ကြသည်။ ဤအခါ မိဘနှစ်ပါးက ရွှေ၊ ငွေ၊ ကျွဲနွား၊ ထွန်၊ ထယ်စသည့်လယ်ယာလုပ်ကိရိယာများကိုပရိတ်သတ်ရှေ့တွင်ပြော၍ပေးသည်။ ဤသို့ပေးခြင်းမျိုးကို မွန်ဘာသာဖြင့် "စွတ်တမ်" ဟုခေါ်သည်။ အရင်းအနှီးပေးသည်ကိုဆိုလိုသည်။ ဆွေမျိုးသားချင်းမိတ်ဆွေ အပေါင်းအဖော်များကလည်း သတို့သားနှင့် သတို့သမီးတို့အား အသုံးအဆောင် လက်ဖွဲ့ပေးကြသည်။ ပြီးလျှင် မင်္ဂလာအောင်ပွဲ ရွှေမိုး၊ငွေမိုးရွာချသည့်အနေဖြင့် ပိုက်ဆံနှင့် ပန်းပေါက်ပေါက်များကို ကြဲချကြသည်။

မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပပြီးလျှင် သတို့သားသည် မိမိအိမ်သို့သွားပြီး ညနေမိုးချုပ်မှ သတို့သမီးအိမ်သို့လာသည်။ ဤကဲ့သို့ခုနစ်ရက်တိတိလာပြီး ခုနစ်ရက်ပြည့်သောနေ့တွင် နှစ်ဖက်သောဆွေမျိုးအကြီးအကဲများ၊ မိဘများကိုသတို့သားနှင့်သတို့သမီးတို့က ကန်တော့ပွဲနှင့်လည်၍ကန်တော့ရသည်။ ဆွေမျိုးအကြီးအကဲများကလည်း ဆုမွန်ကောင်းတောင်း၍ လက်ဖွဲ့ပစ္စည်းများ ပေးကြသည်။

မွန်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ မင်္ဂလာပွဲပြီးလျှင် မင်္ဂလာဦးခြင်ထောင်ကို စုပေါင်း၍

ရက်လုပ်ကြသည်။ မင်္ဂလာပွဲပြီးချိန်မှစ၍ ဇနီးဖြစ်သူ မင်္ဂလာဦးခြင်ထောင် ရက်လုပ်ရန်အတွက် ခင်ပွန်းဖြစ်သူကငွေများပေးသည်။ ဇနီးဖြစ်သူက မင်္ဂလာဦးခြင်ထောင် ရက်လုပ်ရာ သတို့သားဖက်မှ ဆွေမျိုးများကစုပေါင်း၍ သတို့သမီးနှင့်အတူ ကူညီရက်လုပ်ကြသည်။ စုပေါင်း လာရောက်ကူညီသူများအတွက် မုန့်လက်ဆောင်း၊ ထမင်း စသည်တို့ဖြင့် ကျွေးမွေးဧည့်ခံကြသည်။ လူတိုင်း ဝင်၍ရက်သည့် ခြင်ထောင်မှာ ခိုင်ခန့်ကြီးမားပြီး ကိုယ် လိုချင်သောအတိုင်းအတာအထိ ရက်ကြသည်။ အများ အားဖြင့် အနီရောင် အဖြူအဝင်း ဖြစ်သည်။ ယခုအခါ မှာကားစတိုးဆိုင်များတွင် ကိုယ်လိုခြင်သော ပုံစံအရွယ် အလိုက် အလွယ်တကူဝယ်ယူ နိုင်သောကြောင့် မင်္ဂလာဦးခြင်ထောင်မှာ ပျောက်ကွယ်လုမတတ်ဖြစ်နေ ပါသည်။

မင်္ဂလာပွဲပြီးလျှင်ဇနီးမောင်နှံသည် ဇနီးသည်၏ မိဘများနှင့် အတူတကွ လုပ်ကိုင်စားသောက်နေထိုင် ကြသည်။ ဤနည်းဖြင့် မိဘနှင့်အတူ တစ်လမှ သုံးနှစ် အထိ အတူတကွနေထိုင်ပြီး အိမ်ထောင်ခွဲလိုပါက ခွဲကြသည်။ တစ်ချို့ကလည်း သက်ဆုံးတိုင် မိဘနှင့် မခွဲပဲ အတူနေကြသည်။

## ရခိုင်ဌာနေတိုင်းရင်းသား သက္ကမ(ဒိုင်းနက်) လူမျိုးတို့၏အမျိုးသားနေ့

ရခိုင်ဒေသမှ သက္ကမ(ဒိုင်းနက်) လူမျိုးတို့သည် လည်း လူသားတို့၏လူ့အခွင့်အရေးကို တန်းတူညီမျှ ခံစားနေသည့် လူမျိုးတစ်မျိုးဖြစ်လေရာ မိမိလူမျိုးတို့၏ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးဂုဏ်၊ ဇာတိ ဂုဏ်တို့အား အနာဂတ် တွင် ဖွံ့ဖြိုးပီပြင်စွာ အကောင်အထည် ဖော်စေနိုင်မည့် အမျိုးသားနေ့ကို ယခုအခါသတ်မှတ် ကျင်းပလာခဲ့ကြောင်း တွေ့ရပေမည်။ နှစ်စဉ် ဇန်နဝါရီလ(၇)ရက်တွင် ကျင်းပ လျက်ရှိကြောင်းတွေ့ ရပေ၏။

သက္ကမ(ဒိုင်းနက်) အမျိုးသားနေ့သည် အေဒီ-၁၃၃၃ ခုနှစ်တွင် အရှေ့သက်တို့ ရခိုင်ဘုရင်မင်းထီး ပိုင်နက် ဖြစ်သော တောင်စဉ်ကျေးရွာများကို ထိပါးလာသဖြင့် အရှေ့သက်တို့ကို အုပ်ချုပ်သော သက်မင်းရှင်စော အုပ်စိုးရာ သရက်မြို့ကို ဘုရင်မင်းထီးက တိုက်ခိုက်သိမ်း ပိုက်ခဲ့သည်။ ထိုစဉ်အရှေ့သက် အိမ်ထောင်စု တစ်သောင်း ခေါ်ယူခဲ့၍ အမ်းချောင်း၊ ရှူးချောင်းများတွင်ရပ်ရွာ တည်ထောင်ချထားလေ ၏။ ယင်းအရှေ့သက်များကို ဘုရင်မင်းထီးက ဒိုင်းနက် ငွေခွန်ဖွဲ့စည်း၍ ဒိုင်းခွန်ငွေများ စည်းကြပ် ကောက်ခံ စေခဲ့သည်။

ဤသို့ ဒိုင်းခွန်စည်းကြပ်ကောက်ခံရာမှ ဒိုင်းအတတ် ပညာများ ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့ရမှုကို

အကြောင်းပြု၍ ဒိုင်းတတ်မှဒိုင်းနက်ဟုခေါ်တွင် ခံခဲ့ရမှုမှသည် နောင်တွင် ဒိုင်းနက်သူရဲတပ်ဖွဲ့တစ်စု အသွင်ထိဖွဲ့စည်းခံခဲ့ရသည်။ ဤအချက်ကို မင်းဘာဘုရင်ကြီး၏တပ်မတော်မှာ လက်ဝဲသင်း ကိုယ်ရံတော် သုံးသောင်း၊ လက်ယာရံ ကိုယ်ရံတော် သုံးသောင်း၊ ဒိုင်းနက်သူရဲ တစ်သောင်းဟုဖော်ပြပါရှိသည်။

ဒိုင်းနက်သူရဲတို့သည် မင်းဘာကြီးလက်ထက် တွင်ရခိုင်တပ်မတော်၌ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိ၊ ဒိုင်းပညာတတ်ကျွမ်းသူများ အချင်းချင်းစုစည်း၍ တပ်ဖွဲ့တစ်ခုအသွင်ဖြင့် တိုင်းပြည် ကိုကာကွယ်ခဲ့ကြသူများလည်း ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်သမိုင်းတစ်ကွေ့တွင် ဒိုင်းနက်လူမျိုးအဖြစ် အမည် ခေါ်တွင်မှုဖြင့်ရပ်တည်လာခဲ့ခြင်းပင်ဖြစ်သည်။ ဒိုင်းနက် အမည်ရရှိလာမှုသည် ဒိုင်းနက်ငွေခွန်ဖွဲ့စည်းမှု သန္ဓေတည်ခဲ့သည်။ ထိုခေတ်ထိုအချိန်က ဇန်နဝါရီ (၆) ရက်ဟု လက်ဆင့်ကမ်းနှုတ်ထွက်မှတ်သားလာခဲ့မှုသည် ခေတ်ပြိုင် မှတ်တမ်းအရရော တူညီနေကြပြီး ရခိုင်ဒေသခံသမိုင်း မှတ်တမ်းတို့နှင့်လည်း ကိုက်ညီမှုရှိကြောင်းတွေ့ရသည်။ သက္ကမ(ဒိုင်းနက်)တို့သည် ရခိုင်ဒေသတွင် ဒိုင်းနက်အမည်ဖြင့် နှစ်ပေါင်း ခြောက်ရာကျော်တိုင်အောင်နေထိုင်လာခဲ့ကြသည့် ဒိုင်းနက်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးသည်ကိုလိုနီနယ်ချဲ့တို့၏ပြည်နယ်၊ပြည်မသွေးခွဲ အုပ်ချုပ်ခဲ့မှု


Welcome
9th
Sakma National Day
(၉)ကြိမ်မြောက်
သက္ကမာ အမျိုးသားနေ့
7-1-2020
ပင်းဖိုင်းကျေးရွာ
ကျောက်တော်၊ မြန်မာ
Origrisd by CLCA


Welcome
9th
Sakma National Day

ဒေသတွင်းလက်နက်ကိုင်သောင်းကျန်းခဲ့မှု လူဦးရေနည်းပါးမှု စသည့်အကြောင်းတို့ကြောင့် သက္ကမ(ဒိုင်းနက်) လူနည်းစုတိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှု အခန်းကဏ္ဍမှေးမှိန်ခဲ့ရသလို လူမျိုးအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပြီး လူနေမှုအဆင့်အတန်း နိမ့်ကျလာခဲ့ရသည်။

မည်သို့ပင်ဆိုစေ မျက်မှောက်ခေတ် မြန်မာနိုင်ငံ သမိုင်းခေတ်တွင် နိုင်ငံတော်အစိုးရ၏ ရိုးဖြောင့်သန့်စင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သဘောထားနှင့် ရပ်တည်ချက်ပေါ်တွင်ကြည်လင်စူးရှသောတိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ရဲရင့်ရှင်သန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ကို လူနည်းစု သက္ကမ (ဒိုင်းနက်)တိုင်းရင်းသားတို့ အနေဖြင့်လည်း နိုးကြားစွာ ခံယူလာကြပြီးဖြစ်သဖြင့် သမိုင်းကြောင်း နှင့်ယဉ်ကျေးမှု အခန်းကဏ္ဍပြည့်စုံဖို့လိုအပ်လာပါသည်။

တိုင်းရင်းသားလူမျိုးအသီးသီးဟူ၍ တည်တံ့နိုင်မှု အတွက် ယင်းတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ စောင့်ထိန်းအပ်သည့် ထုံးတမ်း ဓလေ့များကို တိုးတက်ထွန်းကားခိုင်မာလာအောင် ဖော် ထုတ်ခြင်း၊ ကြိုးပမ်းဆောင်ရွက်ခြင်းကသာ အဓိကကျ သည်။ သက္ကမ (ဒိုင်းနက်) တိုင်းရင်းသားတို့သည်လည်း လူနည်းစုတိုင်းရင်းသားများဖြစ်လေရာ ယင်းတို့၏သမိုင်း


Welcome
9th
Sakma National Day


Welcome
Shot on Realme C1

ကြောင်းနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေရန်လိုအပ်ချက်ကို အရှင်ဇောတိပါလ အနေဖြင့် လက်လှမ်းမီရာ ရှာဖွေစုဆောင်းဖတ်ရှု လေ့လာကြိုးပမ်းအားထုတ် ရေးသားဖြည့်ဆည်းပေးနေပြီလည်း ဖြစ်ပေသည်။ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍ မှေးမှိန်နေခြင်းမှ ထင်ရှားလာစေခြင်းသည်ပင် အရှင်ဇောတိပါလ၏စွမ်းဆောင်ချက် တစ်စွန်းတစ်စကို ဖေါ်ညွှန်းနေပါလိမ့်မည်။

ရခိုင်သမိုင်းတစ်ကွေ့တွင် အမွေခံယူလိုက်ရသောဒိုင်းနက်လူမျိုးတို့ကို ရှေးအခါက သက္ကမ(ချက္ကမ)လူမျိုးဟုခေါ်တွင်ခဲ့ကြောင်း စစ်တကောင်းတောင်တန်းဒေသရှိ အနောက်သက်တို့ ယနေ့တိုင်သက္ကမ(ချက္ကမ) လူမျိုးဟု ခံယူကျင့်သုံးနေခြင်းက အထောက်အထား တရပ်ပင်ဖြစ်သည်။ သက္ကမသည် 'သကျ' ဟူသောဝေါဟာရမှ ရွေ့လျားလာသည်ဟု သုတေသီအချို့ကယူဆကြသည်။ အချို့ကဘာသာစကားကို အခြေခံကာလေ့လာခြင်းဖြင့် 'သက္ကမ'မှာသာကီဝင်ဟုယူဆစရာ အကြောင်းရှိသည်ဟုလည်းဆိုသည်။

ယခုအခါရခိုင်ပြည်ရှိ ဒိုင်းနက်လူမျိုးစု တစ်ရပ်လုံးအနေဖြင့် ဒိုင်းနက်အမည်ကို မခံယူလိုတော့ဘဲရှေ့အခေါ် သက္ကမလူမျိုးအဖြစ်ခံယူရန် သက္ကမအမည် ပြန်လည်သက်ဝင်လာစေရန် ဒိုင်းနက်ငွေခွန်ဖွဲ့စည်း

ခြင်းခံရသောနေ့၏ နောက်တစ်နေ့ ဇန်နဝါရီ(၇)ရက်ကိုသက္ကမအမျိုးသားနေ့အဖြစ် သတ်မှတ်ကြရန် တညီတညွတ်တည်း ဆွေးနွေးဆုံးဖြတ်ကာ သက္ကမလူမျိုးအမည်ဖြင့်ပင်မိမိတို့၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများကို တိုးတက်ထွန်းကားခိုင်မာလာအောင် ဖေါ်ထုတ်ကြိုးပမ်းဆောင်ရွက်ကြပြီး အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့အား အနာဂတ်တွင်ပီပြင်စွာ အကောင်အထည်ဖေါ်သွားရန်နှင့် အမျိုးသားနေ့၏ဦးတည်ချက်ဖြင့် မိမိလူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်သွားရန် သက္ကမအမျိုးသားနေ့ကိုနှစ်စဉ် ဇန်နဝါရီလ(၇)ရက်နေ့တွင် အမျိုးသားနေ့သတ်မှတ်၍ ကျင်းပရခြင်းဖြစ်ပေသည်။

## မြောက်ဦးခေတ် လေးခင်းသဘင်

မြောက်ဦးခေတ် ရခိုင်ဘုရင်များလက်ထက်က (၁၂)လရာသီ ပွဲလမ်းသဘင်များ ကျင်းပခဲ့ကြပေသည်။ တန်ခူးလတွင် ရေသဘင်ပွဲ၊ လှေပြိုင်ပွဲ(အရပ်သားပွဲ)၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ ကိန္နရီဖိုမရုပ် ကပွဲ ဝါဆိုလ ပဉ္စင်းခံပွဲ၊ ဝါခေါင်လ စာရေးတံပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ(မင်းပွဲ)၊ ဝါကျွတ်လ သက်ကြီးဝါကြီး မိဘ ဘိုးဘွား ဆရာသမားတို့အားကန်တော့ပွဲ၊ ဆီမီးမြင်းမိုရ်ပွဲ၊ တန်ဆောင်မုန်းလကထိန်ပွဲ၊ နတ်တော်လ မဟာပိန္နဲ နတ်ရုပ် အားဆွဲပွဲ၊ ပြာသိုလ မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလ ရာဂု ချက်ပွဲ၊ ကြာသွတ်အိုးပွဲ၊ တပေါင်းလ သဲစေတီပွဲတော် များကို ကျင်းပကြ၏။ ဤပွဲတော်များကို အပျော်သက်သက် ပြုလုပ်ကျင်းပခဲ့ခြင်း မဟုတ်ပေ။ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အားကစားရေး စသည်များထွန်းကားစည်ပင် ရေးတို့အတွက် ရခိုင်ဘုရင်များ၏ ကြီးမားသော ရည်ရွယ် ချက်များဖြင့် ကျင်းပခဲ့ကြခြင်းဖြစ်၏။ ယင်း(၁၂) လရာသီ ပွဲတော်များသည် ဘာသာရေးကို အခြေခံသောပွဲတော်များ ရှိကြသလို အားကစားနှင့်ဇာတိသွေး ဇာတိမာန်ကို ပြသ ခွင့်ရကြသောစွမ်းရည်သတ္တိဆိုင်ရာ ပွဲတော်များလည်း ပါဝင် ကြပေသည်။

## မဟာပညာကျော်ပြောခဲ့သော စွမ်းရည်သတ္တိဆိုင်ရာ ပွဲတော်(၂)ခု

"....မှတ်သားမြဲသွင်း၊ တော်သလင်းဝယ်၊ နေမင်းဝင်က မူလနက္ခတ်၊ ရုံးမှတ်ဒေဝ၊ နတ်မိမ္မတို့၊ မွေးပျရ မာ၊ သံခေါင်ခါကို၊ ပြုပွာပုရပိုက်၊ ရေနိုက်သဘင်၊ လှေပွဲဆင်၍...." ဟု မဟာပညာကျော်၏ (၁၂)ရာသီပွဲတော်သလင်းလတွင် ရခိုင်ဘုရင်များ လှေပွဲသဘင်ကို ကျင်းပပြီးရေတပ်မတော် လူစွမ်းကောင်းကို ရွေးချယ်ချီးမြှောက်ကြောင်း သိရ၏။

တစ်ဖန် ပြာသိုလဖွဲ့တွင် "စဉ်ရှေးပြောဆို လပြာသိုဝယ်၊ ခွာညိုနွယ်ပန်း၊ မကန်းရုပ်လှ၊ မကာရတိ၊ ဖုသျှသန်ခေါင်၊ နေရောင်ပျောက်ပြီး၊ ဘရဏီဟု၊ နာရီထွက်ဖွဲ့၊ သုံးဆယ်ခြောက်ည၊ ဇရဒွေးနေ့၊ ဘဝါးနေပျောက်ပြန်၊ ပုဗ္ဗန်တာရ၊ ရောင်မြလျှံလင်း၊ နေလျှံကင်းက၊မြင်းခင်း သဘင်၊စီရင်ခန့်မြဲ"အစချီ၍ ပြာသိုလတွင် ရှေးခေတ်က လူစွမ်းကောင်းရွေးပွဲကို ကျင်းပကြောင်း၊ ဘုရင်ကလည်း သူရဲကောင်းတို့၏ အစွမ်းအစများကို ဤပွဲတော်မှ တစေ့တစောင်း လေ့လာအကဲခတ်နိုင် ကြောင်း သိရသည်။

သို့ဖြစ်၍ မဟာပညာကျော်အမတ်ကြီးက စွမ်းရည်သတ္တိဆိုင်ရာ ပွဲတော်(၂)ရပ်ဖြစ်သော လှေပွဲသဘင်နှင့် မြင်းခင်းသဘင်တို့၌ မျိုးချစ်အာဇာနည်တို့မှာ စွမ်းရည်







သတ္တိကို ပြသခွင့်ရရှိခြင်း၊ ဘုရင်က စစ်သည်တော်တို့၏ သူရသတ္တိနှင့်စွမ်းရည်တို့ကို စစ်ဆေးနိုင်ခြင်း၊ ချီးမြှင့် သူကောင်းပြုထိုက်သူကို ရွေးကောက်ချီးမြှောက်နိုင်ခြင်း စသည်တို့ကို ကဗျာလင်္ကာဖြင့် ပြောပြမှတ်တမ်းတင်ခဲ့ပေသည်။

**လေးခင်းပြင်၏တည်နေရာနှင့် အနေအထား**

လေးခင်းပြင်ဆိုသည်မှာ မြောက်ဦးခေတ်က ဆင်သည်တော်၊ မြင်းသည်တော်၊ လေးသည်တော်၊ ခြေသည်တော်၊ ရေတပ်မတော်သားတို့၏ စစ်ရေးလေ့ကျင့်ရာပြသရာ ကွင်းပြင်(သို့မဟုတ်) ရှေးခေတ်က လူစွမ်းကောင်းရွေးချယ်ရာကွင်းပြင်၊ တနည်းအားဖြင့် သူရဲကောင်းတို့၏ စွမ်းရည်သတ္တိဆိုင်ရာ ပွဲတော်ကြီးကျင်းပသည့် အားကစားကွင်းကြီး တစ်ခုဖြစ်ပေသည်။ ဤပွဲတော်ကို နှစ်စဉ် ပြာသိုလ အခါသမယ၌ ကျင်းပလေ့ရှိ၏။ ထိုလေးခင်းပြင်မှာ မြောက်ဦးမြို့ရတနာ့မာရ်အောင်ဘုရား၏ အရှေ့ဘက်၌ တည်ရှိသည်။ ယင်းလေးခင်းသဘင်၏အရှေ့ဘက်တွင် မြို့တော်တံတိုင်း၊ ငမန်းဒုံးကျုံး၊ ကသစ် မြောင်းကျုံး၊ တောင်ဘက်တွင်အိုင်ဝန်းကျုံး၊ မီသမကျုံး၊ ဘုန်းကြီးဒုံကျုံး၊ မြောက်ဘက်တွင် အမြင့်တောင်ခံတပ်၊ ရဲလှခံတပ်၊ ရဲလှကျုံး၊ မင်းသမီးကျုံး၊ ကျွဲတင်းထိမ်ကျုံး နှင့်အနောက်တွင် ဖူနွတ်တောင်ခံတပ် တို့က ဝန်းရံကာဆီးလျက်ရှိသည်။



တောင်ဘက်ရှိ အိုင်ဝန်းကျုံးဘောင်ကိုမင်းနေ ရပ်အဖြစ် ကျောက်များဖြင့် အဆင့်ဆင့်ပွဲကြည့်စင် များစီမံဖန်တီးထားလေသည်။ ယင်းလေးခင်းပြင်၏ အရှေ့ဘက်တွင် သူရဲကောင်းများနားနေစဉ်၌ သောက် သုံးရန်သူရဲကောင်း သောက်ရေတွင်းကိုလည်း ယနေ့ တိုင် တွေ့မြင်နိုင်သေးသည်။

**ပြာသိုလ လေးခင်းပြင်ဝယ်**

ရခိုင်ဘုရင်များသည် "…. ဓာနည်ရဲစွမ်း၊မှုတော် ထမ်းသည်၊ ကြိုးပမ်းအားထုတ်၊ သူရဲစုကား၊ မြဲမှုဆောက် တည်၊ပြည့်ချေမည်၏" ဟူသော ရခိုင်ရာဇဝင်လင်္ကာကို

နှလုံးမူ၍ စစ်သည်သူရဲကောင်းတို့မှာ ပြည်၏ခြေနှင့်တူသဖြင့် ထူးချွန်သူကိုထူးချွန်သူအလျောက်ချီးမြှောက်မစသူကောင်းပြုလေ့ရှိခဲ့သည်။ တန္တဖိုလ်ရန္တဖိုလ်၊မဟာဇုန္တတ်ပုံချီ၊ စစ်ကဲကြီး၊ ကိုယ်ရံကြီး၊ဒါးပိုင်ကြီး၊ မုဇုန္တား ကြီးစသည်တို့မှာ ဘုရင်ကိုယ်တိုင် ချီးမြှင့်ခဲ့သော ဘွဲ့ထူး၊ဂုဏ်ထူးများပင် မဟုတ်ပါလော။ ဤကဲ့သို့ထင်ပေါ်သော လူစွမ်းကောင်းများကို ဘုရင့်သမီးတော်များကိုယ်တိုင်ရာထူးအဆင့်အတန်းအလိုက် ဖောင်းတော် များ၊ စလွယ်တော်များ၊ လက်ကောက်များ၊ လက်စွပ်များ၊ လက်ရစ်များ၊နဘေများ၊ကြယ်ပွင့်၊ကိုယ်လွှား၊ရင်စည်းပဝါများကို ထိုက်တန်သလို ကိုယ်တိုင်ချီးမြှောက်ဆင်ယင်ပေးလေ့ရှိခဲ့သည်။

ရှေးက ဤလေးခင်းပြင်ကြီး၏ နေရာအနှံ့ဝယ် ရခိုင်အောင်လံတော်ကြီးများမှာ တလွန့်လွန့်ကွန့်မြူးလျက်ရှိနေပေလိမ့်မည်။ စစ်ခရာ အမျိုးမျိုးတို့နှင့် အောင်စည်၊ အောင်မောင်း၊ တိုင်စည်၊ တိုက်မောင်း၊ ဒုမ္ဘာစည်ကြီး တညံညံဖြင့် စစ်ပြင်ဆင်သံ၊ ရခိုင်အမျိုးသားစစ်တေးသံတို့မှာ ရခိုင်အာဇာနည်သူရဲကောင်းတို့အားရဲစိတ်ရဲမာန် ဇာတိသွေး၊ ဇာတိမာန်တို့ကိုလှုံ့ဆော်နှိုးဆွပေးပေလိမ့်မည်။

စစ်သည်တော် သူရဲကောင်းမောင်မယ်တို့မှာလည်းပြိုင်ပွဲမဝင်ခင် မိမိတို့၏ ဆင်တော်မြင်းတော်များနှင့် တကွ

ဆုတောင်းပန်ဘုရား၊ ဗိုလ်ဖြိုဘုရား၊ ရန်အောင်ဇေယျာဘုရား၊ ရတနာ့မာန်အောင်ဘုရားတို့ကို တစ်ပတ်စီလှည့်ကာ လှည့်ကာ သုံးလီသုံးခါဝတ်ပြုပြီး ဦးချကန်တော့ခြင်း၊ ကျမ်းသစ္စာကျိန်ဆိုခြင်းများ လုပ်ရပေသည်။ ထိုနည်းတူ ရခိုင်ဘုရင်ကိုလည်း သုံးလီသုံးခါ ဦးချဝတ်ပြုခြင်း၊ ကျမ်းသစ္စာ ကျိန်ဆိုခြင်းများ ပြုလုပ်ကြရသည်မှာ အစဉ် အလာတစ်ရပ်ပင်ဖြစ်၏။ ယင်းပြီးမှသာ ဆင်သည်တော်လည်း ဆင်သည်တော်အလျောက်၊ မြင်းသည်တော်လည်း မြင်းသည်တော်အလျောက်၊ မိမိတို့၏ ဓားရေး၊ လှံရေး၊ ဆင်ရေး၊ မြင်းရေးတို့ကို အသီးသီးထုတ်ဖော်ပြသကြရ ပေသည်။

ဤလေးခင်းပြင်တွင် ယင်းစစ်သည်သူရဲများ သာမဟုတ် မင်းညီမင်းသားများလည်း ပါဝင်အစွမ်း ပြသနိုင်ပါသည်။ဘစောဖြူ(အေဒီ ၁၄၅၉-၁၄၈၂)လက် ထက် ဖဒူးမင်းညို၏ ချေင်းတွင် "ကျော်လေးကမန်၊ ကျင်လည်ဟန်လည်း၊ ပစ်မှန်လေရာ၊ တထွာသံထု၊ နှစ်စု ဖို့ဝက်၊ဝင်ထွက်အမျှ ခန့်တိုင်းကျ၏ ရှင့်ဘ၊ ပျော်ပါး ကစားခလို့၊ ချစ်စိတ်တို့ဖြင့် မင်းကိုယ်လုပ်များ၊ နားထွင်း ကြားဝယ်၊မြှားသားဆံပဲ၊ မထိစေရက်၊ မထွက်စေဘဲ ဝတ်သောနှယ်သို့"ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရပေ သည်။ ဘစောဖြူမင်း၏လေးမြှားအတတ်၌ ထူးကဲ ကျွမ်းကျင်ပုံ၊ တစ်ထွာခန့်ရှိ သံထုကိုပင်လေးဖြင့် နှစ်ခြမ်း

ခွဲနိုင်ပုံ၊ ယင်းသံထုကို အပေါက်ဖောက်ထွင်းနိုင်စွမ်းရှိပုံ၊ ကိုယ်လုပ်မောင်းမတို့၏ နားပေါက်တွင်းသို့ အသားကို ဆံတစ်ခြည်မျှမထိစေရဘဲ နားဋ္ဌောင်း ပန်ဘိသကဲ့သို့ မြှားကိုပစ်သွင်းနိုင်စွမ်းရှိပုံစသည့်ဖြင့် ချီးကျူးထားသည်ကို ထောက်ရှု၍ ယင်းခေတ်က မင်းညီမင်းသားများလည်း ပါဝင်အစွမ်းပြနိုင်ကြောင်း သိရှိပေသည်။

**ဆင်သည်တော်၊မြင်းသည်တော်များ၏အစွမ်း**

ဆင်ခင်းသဘင်မှ ထူးချွန်ပြောင်မြောက်သူများ ကို ဘုရင်က ဘွဲ့ထူးများပေးလေ့ရှိခဲ့သည်။ အောင်းမဝန်ကြီး၊ (ဆင်ဝန်ကြီး)အမတ်တော်ဆင်ကဲကြီး၊ ဆင်ထိန်း၊ ပေါင်းထိန်း စသည်တို့မှာဆင်နှင့်ပတ်သက်၍ ထူးချွန်သောပုဂ္ဂိုလ်များ ပင်ဖြစ်ကြသည်။ မြောက်ဦးမြို့နယ်၌ ယနေ့တိုင်ဘောင်းဒွတ် ကျေးရွာ၏ မြောက်ဘက်တွင် ဆင်ဝန်တောင်နှင့်လေးမြို့ မြစ်ကမ်းတွင် ဆင်ကဲဆိုသောကျေးရွာတို့မှာ အထင်ရှားရှိ နေသေးသည်။

ဆင်ခင်းသဘင်သို့မဝင်မီ ဆင်များအားလေ့ကျင့် သင်ကြားပေးပုံများနှင့်ပတ်သက်၍ တင်ပြရလျှင် ရှေးဦးစွာ ဖမ်းဆီးရမိသော ဆင်ရိုင်းကို အောင်းမများ(ဆင်မယဉ်သာ) များဖြင့် ယဉ်ပါးလာအောင် သွန်သင်ရသည်။ တဖန် တိုက်ခိုက်ရေးတို့၌ အသံဗလံများကို မကြောက်မရွံ့အောင် တိုက်စည်တိုက်မောင်း၊ခွက်ခွင်း၊ပတ်သာ စသောတူရိယာ များကိုတီးခတ်ပေးခြင်း၊ မီးပေါက်သေနတ်များ၊ အမြောက်

(အဆံမပါသောအမြောက်)များဖြင့် ပစ်ဖောက်၍ စမ်းသပ် လေ့ကျင့်ရပြီး နောက်တစ်ဆင့်တက်၍ ဆင်အချင်းချင်း တစ်ကောင်နှင့်တစ်ကောင် မမှတ်မိစေရန် ဟသ်ာပြဒါး များသုတ်လိမ်း၍ တိုက်ခိုက်စေသည်။ ကိုယ်ခံပညာတတ် ကျွမ်းစေရန် လေ့ကျင့်သင်ကြားရာ၌ ရှေးဦးစွာ သစ်သားဖြင့် ပြုလုပ်ထားသောခေါင်း၊ လှံများဖြင့်တစ်ဆင့် တက်၍ လေ့ကျင့်ပေးပါသည်။

ဤသို့သင်ကြားပေးရာဌာနများမှ မြောက်ဦးမြို့နယ် ဆင်အိုးချေကျေးရွာ အရှေ့ဘက် မြောက်ဦးမြို့အရှေ့ဘက် လေသာတောင်ခံတပ်မှ မြောက်သို့ ပုဏ္ဏာမြောင်းထိ၊ တောင်ဘက်တွင်မောင်းဆွဲခေတ်ထိ တောင်ကြားချိုင့်ဝှမ်း တို့တွင်ဆင်အိုးငယ်များပြုလုပ်၍ လေ့ကျင့်သင်ကြားပေး သည်ဟု သိရပါသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ အနောက်ဘက် ဒုတိယထပ်နံရံတွင် ဆင်များကိုစစ်ထိုးရာ၌ အသုံးပြုရန် အတွက်လေ့ကျင့်ပေးနေဟန် ဒိုင်း၊ လှွားကာများကိုင်ပြီး ဆင်များနှင့် တိုက်ခိုက်နေဟန်တို့ကို ရုပ်ကြွများ ထုဆစ် ထားသည်ကို တွေ့ရသည်။

လောင်းကြက်ခေတ် ဘုရင်မင်းသမီး၏ စီးတော် ဆင်“ငရဲခက်”မှာ လှံချက်တစ်ထောင်ပိုင်သည်။ဘုရင်မင်း ဗာကြီး၏စီးတော်ဆင် “ဇီဝစိုး”သည် လှံချက်ငါးရာ ပိုင်သည်ဟုဆို၏။ယင်းဆင်တို့သည် ရန်သူပစ်လိုက်သော

လုံတို့ကိုပဒေသာပင်တွင်ဆွဲထားသော ဖယောင်းတိုင်များကဲ့သို့ တွဲရရွဲရကျစေပြီးမှ တစ်ဖက်ရန်သူကို မိမိနှာမောင်းဖြင့် လုံများကို ပြန်လည်ပစ်နိုင်စွမ်းရှိသည် ဟု သိရပေသည်။

သို့ဖြစ်၍ ဆင်များကို ရှေ့ခေတ်စစ်မြေပြင်တွင် အသုံးဝင်လှသည့် ရှေ့ခေတ်တင့်ကားတပ်ဟု ဆိုနိုင်ပါသည်။ ဆင်များအရေးပါပုံနှင့်ပတ်သက်၍ မင်းရာဇာ အေဒီ (၁၅၀၁ - ၁၅၁၃) လက်ထက်ရေးခဲ့သော "ကာမန္တကီ" စစ်ကျမ်းတွင် မြေအပြင်ကို တန်ဆာဆင် သည်ကား မြင်းမိုရ်တောင်မင်း၊ ကောင်းကင်ကိုတန်ဆာ ဆင်သည်ကား လမင်း၊ လူတို့ကိုတန်ဆာဆင်သည်ကား အထတ(အဋ္ဌာရသ)ပညာ၊ စစ်ကိုတန်ဆာဆင်ပေးသည်ကား စစ်မြေအပြင်၌ ဆင်နှင့်တူသော "စစ်သည်" လည်းမရှိရာ၊ ဆင်နှင့်တူသော ခင်ပွန်းလည်းမရှိရာ ဆင်နှင့်တူသော အဆွေလည်းမရှိရာ ၊ဆင်နှင့်တူသော ရန်သူလည်းမရှိရာဟူ၍ မရှိမဖြစ်သည့်စစ်၏ အဆင်တန်ဆာ ဖြစ်သည်ဟု တင်စားထားပေသည်။

မြင်းသည်တော်များမှာလည်း မိမိတို့မြင်းများကို ဒုန်းစိုင်းလျက် ဓား၊ လုံ၊ လေးများဖြင့် ပစ်မှတ်ပစ်ကွင်းများကိုပစ်ခတ်၍ အစွမ်းပြကြရသည်။ထိုမျှမက တန်းစီ၍ စိုက်ထားသောငှက်ပျောပင်များပေါ်တွင် ရေဖြည့်ထားသောမြေအိုးငယ်များကို တင်ဆောင်ထားပြီး မြင်းသည်

တော်တို့ကမြင်းကိုဒုန်းစိုင်းရင်း ထိုငှက်ပျောပင်များကို ခုတ်ဖြတ်ပြသကြသည်။ ယင်းငှက်ပျောပင်များမှာ ဓားချက်ကြောင့်နှစ်ပိုင်းပြတ်သွားစေကာမူလည်း လဲကျသွားခြင်းမရှိဘဲ ပကတိတည်နေသည်။ မြေအိုးငယ်များမှလည်း ရေတစ်စက်တစ်ပေါက်မှ ဖိတ်စဉ်သွားခြင်း မရှိဟု ဆိုပါသည်။

သို့သော်ငှက်ပျောပင်များကို လက်နှင့်တို့ထိလိုက်ရုံဖြင့် လဲကျသွားပြီး ရေအိုးငယ်များမှာလည်း ကွဲပြတ်သွားကြောင်းသိရပေသည်။ ဤရွေ့ဤမျှထိ ဓားရေးကောင်းသည်ဟု ဆိုပါသည်။

ထို့ပြင် ရွှေပွဲလာများက ပစ်ပေးလိုက်သော သံပုရာသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီးများကို မြင်းစိုင်းရင်း ဓားရေး လှံရေးများကို ပြသကြသည်။ လှံသမားများကလည်း ယင်းအသီးများကို မြေသို့မကျစေဘဲ လှံများဖြင့် ဖမ်းယူထိုးစိုက်၍လည်းကောင်း၊ ဓားသမားကလည်း ထက်ခြမ်းအညီအမျှ ပြတ်အောင်ပိုင်းဖြတ်၍စွမ်းရည်ပြသကြသည်။ "ထင်ပေါ်လျှင်စင်တော်ကကောက်" ဆိုသည့်စကားအတိုင်းထင်ပေါ်သူကိုဘုရင်က ကောက်ယူမြှောက်စားလေ့ရှိသည်။ လက်ဝဲမြန်သူကို လက်ဝဲမြန်၊ လက်ဝဲပုံချီ၊ လက်ယာမြန်သူကို လက်ယာမြန်၊ လက်ယာပုံချီစသော ဘွဲ့ထူးဂုဏ်ထူးများ ပေးသနားလေ့ရှိပါသည်။

မြင်းဝန်ဆိုသည်မှာလည်း မြင်းနှင့်ပတ်သက်၍ ပေးကမ်းသော ဘွဲ့ထူးဂုဏ်ထူးပင် မဟုတ်ပါလော၊ ယနေ့တိုင် သာကေပြစရာအဖြစ် မြောက်ဦးမြို့ရှိ မောလိပ်ကန်၏တောင်ဘက် ဘုရားသုံးဆူတည်ရှိရာတောင်ကို "မြင်းဝန်းတောင်"ဟု ခေါ်နေသေးသည်။ မြောက်ဦးမြို့ တောင်ရပ် ရပ်ကွက်ရှိမြင်းစိုင်းပြင်ရပ်ကွက်မှာ မြင်းသည်တော်များ "ပွဲမဝင်ခင် အပြင်ကကျင်းပ" ဆိုသည့်အတိုင်း လေးခင်းသဘင်သို့ မဝင်မီလေ့ကျင့်သောမြင်းစိုင်းဌာနပင်ဖြစ်ပါပေသည်။

## သမိုင်းတွင်သည့်စစ်သည်တော်များ

ဤလေးခင်းပြင်ကြီးသည် မြောက်ဦးခေတ် ရခိုင်အမျိုးသားတို့၏ ဆင်ခင်းသဘင်၊ မြင်းခင်းသဘင်၊ လေးခင်းသဘင် ကျင်းပရာ ရခိုင်ဂုဏ်ဆောင်သူရဲကောင်းများကိုမွေးထုတ်ရာ မြောက်ဦးသားတို့၏ စွမ်းရည်သတ္တိကိုပြသရာ၊ မျိုးချစ်အာဇာနည်ဇာမဏီတို့၏ ဇာတိ သွေး၊ ဇာတိမာန်ကိုဖော်ကျူးရာ၊ ရခိုင်ဘုရင်တို့၏ လူစွမ်းကောင်းရွေးချယ်ရာ ကွင်းပြင်ကြီးတစ်ခု ဖြစ်ပေသည်။

လုံးရန်ဖြိုတပ်၊ ကုလားအတွင်းစစ်ချီတပ်၊ စိုက်တန်းတပ်၊ မုဇုန္ဒာကြီးတပ်၊ ကုလားတန်စားတပ်၊ ကျောက်တော်စားတပ်၊ ကိုယ်ရံတော်တပ်၊ အိမ်ရှေ့မီးပေါက်

ကိုင်တပ်၊ စစ်ကဲကြီးလက်ဝဲမြန်တပ်၊ စစ်ကဲကြီးလက်ယာမြန်တပ်၊ ဥ ရာဇ်တောင်တပ်၊ အဇီခံတပ်၊ ရွှေစုန်တပ်၊ ဗုန္ဒတ်လက်ယာပုံချီတပ်၊ ဗုန္ဒတ်လက်ဝဲပုံချီတပ်၊ သောင်းတီးစားတပ်စသည်တို့မှ ဤလေးခင်းပြင်ကြီးမှ မွေးထုတ်ပေးလိုက်သော ရခိုင်အာဇာနည် တပ်မတော်ကြီးများပင်မဟုတ်ပါလော။

ထို့ပြင်ရခိုင်ရေတပ်မတော်တွင်ပေါ်တူဂီ၊ ယိုးဒယား၊ ဂျပန်၊ အင်းဝ၊ ဟံသာဝတီ၊ ဘင်္ဂလားနှင့် မဂိုစစ်သည်များကိုလည်း ငှားရမ်းအသုံးပြုထားကြောင်း ရခိုင်ဘုရင်တွင်ခြေလျင်တပ်သား တစ်သန်း၊ ဆင်တပ်အင်အား ၁၅၀၀၊ စစ်လှေတစ်သောင်းပိုင်ဆိုင်ပြီး အမြောက်အင်အားမှာမရေတွက်နိုင်ကြောင်း၊ ရေတပ်သည် ပင်လယ်လှိုင်းထက်ပင်များပြားကြောင်း နိုင်ငံခြားမှတ်တမ်းများကဆိုသည်။ ဤလေးခင်းပြင်မှ မွေးထုတ်သန့်စင်ပေးလိုက်သော အာဇာနည်များမှာလည်း ရေတွက်၍ ရနိုင်တော့မည်မဟုတ်ချေ။ တချို့လူပင် သေသော်ငြားလည်း နာမည်မသေဘဲ သမိုင်းတွင်ကျန်ရစ်လျက် ယနေ့တိုင်မြောက်ဦးမြို့တော်ဝိညာဉ်တမျှ ရှိနေသေးသည်။

ရခိုင်တပ်မတော်ဖွဲ့စည်းအုပ်ချုပ်ပုံကို ဦးသာထွန်းအောင် ရေးရခိုင်မဟာရာဇဝင်တော်ကြီးက ဤသို့ဆိုထားပါ သည်။

စစ်သည်တော်တို့၌ တစ်ကျိပ်သောသူသည် တစ်ယောက်သောအကြီးအုပ်ချုပ်စေရာသည်။ တစ်ကျိပ်

သောအကြီးသည် တစ်ယောက်သောတပ်မင်းကို အုပ်ချုပ်စေရာသည်။ တစ်ကျိပ်သောတပ်မင်းသည် တစ်ယောက်သော ဗိုလ်မင်းအုပ်ချုပ်စေရာသည်။ တစ်ကျိပ်သောဗိုလ်မင်းသည် တစ်ယောက်သောမင်း၏ အစီရင်ကိုနာခံ၍ ကြည့်ရှုစောင့်ရှောက် အုပ်ချုပ်ထိန်းသိမ်းစေရာသည်။ (တစ်ယောက်သောမင်းဆိုသည်မှာ အိမ်ရှေ့သို့မဟုတ် လက်အောက်ခံမင်းငယ်တစ်ပါးပါးကို ဆိုလိုဟန်ရှိသည်။) ဤစစ်သည်တော်များမှာလည်း မြောက်ဦးလေးခင်းပြင်ကြီးမှ မွေးဖွားပေးလိုက်သည် မဟုတ်ပါ လော။

သာဓကအားဖြင့် ဘုရင်မင်းဗာကြီးသည် (အေဒီ ၁၅၃၁-၁၅၅၃) လက်ထက် ပေါ်ထွန်းခဲ့သော အမတ်ကြီးဆင်ပဲ "ကြိုင်လို" (ကြိုင်ရွှီ) သည် ဆင်ပြောင်တစ်စီးအားရှိသည်ဟုဆိုသည်။ တစ်နေ့တွင် ဘုရင်၏စီးတော်ဆင်မှာ မုန်ယိုနေသဖြင့် မည်သို့မျှထိန်းမရတော့သဖြင့် အမတ်ကြီးကြိုင်ရွှီက ဒေါသထွက်ပြီး အစွယ်တစ်ချောင်းကိုကိုင်၍ ဖြောင်းခနဲချိုးလိုက်ပေသည်။ ထိုဆင်စွယ်ချိုးလိုက်သောအရပ်ကိုလည်း"ဆင်စွယ်ကျိုး"ဟု ယနေ့တိုင်တွင်နေသေးသည်။ထိုဒေသမှာ မြောက်ဦးမြို့နယ်လေးမြို့မြစ်ကမ်းပေါ်တွင်တည်ရှိပါသည်။

မဟာသမတရာဇာ (အေဒီ ၁၂၇၈၂-၁၇၈၅ ) လက်ထက်မှာ သူရဲကောင်းတစ်ဦးဖြစ်သော "ငခွက်ပေါက်" ဆိုလျှင် သူ၏မှတ်ပြောင်းဖြင့် အုန်းပင်၊ ထန်းပင်များကို

ထုတ်ချင်းပေါက် ပစ်နိုင်စွမ်းရှိသည်။ "ခွေက်ပေါက်" တွင်ခြင်းမှာလည်း သူ၏ပါးစပ်ဖြင့် လေအားကိုသုံးပြီး မြေခွက်များကို ဖောက်နိုင်စွမ်းရှိသည်ဟုဆိုသည်။ "ကျွဲတစ်ကောင်နိုင်"ဆိုသူမှာလည်းသူ၏အတွင်းအားကိုသုံး၍ ကျွဲတစ်ကောင်အား လက်ဝါးဖြင့်ပုတ်လိုက်ရုံဖြင့် ထိုကျွဲမှာပွဲချင်းပြီးသေဆုံးနိုင်သည်။ "ငပိုးလုံး" ဆိုသည်မှာ ကြသောင်းဝါး (ဝါးပိုးဝါး)များကိုထမ်း၍ နှစ်ယူဇနာခန့် ခေါက်တုံခေါက်ပြန် ပြေးနိုင်စွမ်းရှိသည်ဟုဆို၏။

ဤကဲ့သို့သောပုဂ္ဂိုလ်များမှာ လူပင်သေသော်လည်း နာမည်မသေသော သမိုင်းတွင်ရစ်သည့် အာဇာနည်များ ပင်ဖြစ်ပေသည်။

**ပြည်ဘောင်ရက္ခနွယ်ညောင်းကြက်ပမာ**

"ဂုဏ်ရောင်တောက်ပြောင်၊ စောဘုန်းခေါင်၊ နိရောင်လရောင်၊ အတူဆောင်၊ ဇာနိရာမရှောင်၊ မိတ္တာ ဆောင်၊ ရန်နိုင်အောင်၊ ပြည်ဘောင်ရက္ခာ၊နွယ်ညောင်း ကြက်ပမာ၊ တည်ထောင်လျက်လာ၊ တေဇာမညှိုးပါ၊ အာဇာနည်ပြောင်ပြောင်၊ သတ္တိဖွဲ့ကိုဆောင်၊ ဂုဏ်ရည် မညှိုး၊ ဇာနည်မျိုးတော်၊ ဗီဇအနွယ်၊ ဇာနည်မျိုးဟော့ ညီကြဖို့လေအောင်မည်မလွဲပေ သူရဲကောင်းမယ်မောင်၊ ကိုယ့်လက်နက်ကိုင်ဆောင်၊ အမျိုးဘာသာသာသနာ ရောင်၊ ထွန်းလင်းပြောင်အောင်၊ သင့်တာဝန်ဆောင်" ဆိုသော သေနင်္ဗျူဟာကျမ်းလာစစ်ချီသံမှာ စစ်သည် တော်များအဖို့

ကြက်သီးမွေးညင်းထပြီး ဇာတိသွေး ဇာတိမာန်တက်ကြွလာမည်မှာ မြေကြီးလက်ခက်မလွဲ ပေ။ ပြည်ရှင်မင်းတို့မှာလည်း “ရွှေပြည်စိုးခြင်း၊ အမင်း မင်းတို့၊ ဦးကင်းမလွန်၊ တံခွန်မတိ မျက်စိမဖောက်၊ နားမဖောက်မပယ်၊ ပြည်စွယ်မခွာ၊ မျက်နှာမလွှမ်း၊ ပြည်ဝမ်းမမွေ၊ ပြည်ခြေမဖျက်၊ ပြည်လက်မဖြတ်၊ ကျင့် နိုင်တတ်မှ၊ နဝရတ်ကိုးဖြာဆင်ရသည်၊ တန်ဆာမင်းတို့၊ ကျင့်ထုံးတည်း”ဟု ရခိုင်ရာဇဝင်လင်္ကာအတိုင်း ချီးမြှောက် သူကောင်းပြုထိုက်သူကို ချီးမြှောက် သူကောင်းပြုလေ့ရှိပါ သည်။သို့ဖြစ်၍ ပြည့်ရှင်မင်းနှင့် ရခိုင်အာဇာနည်သူရဲ ကောင်းမောင်တို့မှာ ပြည်ဘောင်ရက္ခာကို နွယ်ညောင် ကြက်သည်ပမာ ကာကွယ်ထိန်းသိမ်းခဲ့ကြပြီး အမျိုးသီလ နှစ်ဌာနကိုစောင့်ရှောက်ခဲ့ကြသည်။အတိတ်ကဉ်လေးခင်း ပြင်ကြီးတွင် စစ်သည်တော် အပေါင်းတို့မှာ ရောင်စုံချိတ် မိန်ညိုတို့ကို ဝတ်ဆင်လျှက် အမျိုးသားသီချင်းများကို သံပြိုင်သီဆိုခဲ့ကြပေလိမ့်မည်။ ကျမ်းသစ္စာကျိန်ဆိုခြင်း ကိုလည်းအတိုင်အဖောက်ညီညီဟစ်ကြွေးခဲ့ပေလိမ့်မည်။ စစ်ခရာသံအောင်စည်အောင်မောင်းတိုက်စည်တိုက်မောင်း သံများဆင်အော်သံ မြင်းဟီးသံများကား ရိုးမမှပဲ့တင်ထပ်ခဲ့ ပေလိမ့်မည်။

စစ်သည်တော်တို့အား ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများနှင့် ရိုးရာနတ်တို့အား အမြဲဆည်း

ကပ်ပူဇော်ကြ၏။ဝန်းတီးနတ်ကားစစ်ရေးနှင့်မဆိုင်သော ရိုးရာနတ် မဟုတ်လော၊ ဝန်းတီးနတ်တောင်သည် လေးခင်းပြင်၏တောင်ဘက်မျက်စောင်းထိုး၌ရှိ၏။သူမပါ လျှင်လည်းပွဲမပြီးချေ။ ဤလေးခင်းပြင်မှ စစ်သည်တော် သူရဲအပေါင်းတို့ ဘုရားဝတ်ပြုဦးချတိုင်း သာဓုခေါ်၏။ စစ်ချီတေးသံကိုကြားသူတိုင်းလည်း ပီတိဖြစ်၏။ အောင် စည်အောင်မောင်းတီးခတ်တိုင်းလည်း သူကြက်သီးမွေး ညှင်းထမိ၏။ ဘုရင့်သမီးတော်များက အောင်ပွဲရစစ်သူ ရဲတို့အား ဆုချီးမြှင့်တိုင်းလည်း ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့၊ ကောင်းချီးသြဘာပေး၏။ခေါးခေါးချင်းထိသံ၊ လှံလှံချင်း ထိသံ၊ကြားရတိုင်းလည်း သူဇာတိမာန်တက်ကြွပေလိမ့် မည်။

မည်သို့ဆိုစေ ရခိုင်ဘုရင်မင်းမြတ်တို့၏ သူရဲ ကောင်းစစ်သည်တော်တို့၏ စွမ်းရည်သတ္တိကိုစစ်ဆေး သောပွဲ၊ လူစွမ်းကောင်းရွေးသော မျိုးချစ်အာဇာနည် ဇာမရီတို့၏ဇာတိသွေး၊ ဇာတိမာန်ပြသသော၊ ချီးမြှင့် သူကောင်းပြုထိုက်သူတို့ကို ရွေးချယ်သူကောင်းပြုသော လေးခင်းသဘင်ပွဲတော်ကြီး နှစ်စဉ်နှစ်တိုင်း ကြက်ပျံ မကျစည်ကားခဲ့ပေလိမ့်မည်ကို မြင်ယောင်နေမိပါတော့ သတည်း။

## ရှမ်းတိုင်းရင်းသားများ၏ မင်္ဂလာလက်ထပ်ပွဲ

ရှမ်းတိုင်းရင်းသားတို့၏ မင်္ဂလာဆောင်ပွဲများမှာ ဒေသအလိုက်အနည်းနှင့်အများကွဲပြားကြသည်။ မိဘများက တောင်းရမ်းပေးရာတွင် ဦးစွာပထမလူပျို၏ မိဘများသည် အပျို၏မိဘများထံသို့သွား၍ပြောရသည်။ အပျို၏ မိဘများက လေး-ငါးရက် အချိန်ယူပြီး ဆွေမျိုးများနှင့် တိုင်ပင်ရသည်။ သမီးဖြစ်သူ၏ သဘောထားကိုမေးရသည်။ သမီးက သဘောတူပါက လူပျိုဖက်သို့အကြောင်း ပြန်ကြားရသည်။ လူပျို၏မိဘများက လူကြီးများနှင့် နေ့ကောင်းရက်သား ရွေးပြီး အပျို၏မိဘများထံ သမီးကိုတောင်းရန်လာကြသည်။ ထိုအချိန်တွင် အပျို၏အိမ်၌ ဆွေမျိုးအစုံအလင် ရောက်နေကြရသည်။ အပျိုဖက်မှလူငယ်များက လူပျိုကို ခြံတံခါးဝတွင်တစ်ကြိမ်၊ အိမ်တံခါးဝတွင်တစ်ကြိမ် ကြိုး တားကြသည်။ ငွေကြေးပေးမှဖွင့်ပေးကြသည်။

အိမ်ပေါ်သို့ရောက်လာသည့်အခါ အပျိုဖက်က လူကြီးနှစ်ဦးကို လူပျိုဖက်မှ လူကြီးများကသွား၍ နှုတ်ဆက် ရသည်။ အပျိုဖက်မှ လူကြီးများကလာရင်းကိစ္စကို မသိ ချင်ယောင်ဆောင်ပြီး မေးရသည်။ လူပျိုဖက်က သမီးလာ တောင်းသည့် အကြောင်းပြောပြရသည်။ ဤသို့တစ်ဖက် နှင့်တစ်ဖက် အပြန်အလှန်ပြောဆိုကြသည်။ ထိုသို့ပြောဆို နေစဉ်လူပျိုဖက်က လင်ပန်းတစ်ခုတွင် လက်ဖက်နှစ်ထုပ်၊ ကွမ်းနှစ်ထုပ်၊ ငှက်ပျောနှစ်ဖီး၊ အနည်းဆုံးငွေငါးမတ်နှင့်

ကြက်ဥပြုတ်နှစ်လုံးထည့်၍ အိမ်ထောင်စုံအမျိုးသမီးထံ ပို့ထားရသည်။ အကယ်၍ စကားပြောဆိုလို့မပြီးမီ ထိုလင်ပန်းကို အောက်ချမိပါက အပျိုဖက်ကယူစားပစ်နိုင်သည်။ ထိုနောက်မှ ကြက်ဥနှစ်လုံးမှတပါး လင်ပန်းအတွင်းရှိ အစားအစာတစ်ဝက်ကို ဆွေမျိုးနှစ်ဖက်အားကျွေးမွေးပြီး ကျန်တစ်ဝက်ကို အိမ်အပြင်တွင်နတ်ပသ၍ဆုတောင်းခြင်းပြုကြသည်။

ထို့နောက်လူပျိုဖက်မှ ဧည့်သည်များကို အပျိုဖက်က ထမင်းကျွေးပြုစုရသည်။ အပျိုနှင့်လူပျိုအတွက်မူ ထမင်းပွဲတစ်ခုသီးသန့်ပြင်ပေးရသည်။လူပျိုနှင့်အပျို ထမင်းစားနေစဉ် အနားတွင် ကလေးများက သားသမီးများသဖွယ် ကြက်ဥနှစ်လုံးကိုခွဲပြီး "ဖေဖေ၊ မေမေ" ဟုခေါ်ကာ သတို့သားနှင့်သတို့သမီးတို့အား ခွံ့ကျွေးရသည်။ ချည်ခုနှစ်ပင်ပါသည့် ချည်မန်းကွင်းဖြင့်သတို့သား၊ သတို့သမီးတို့အားစွပ်ပေးရသည်။ လူပျိုနှင့်အပျို တစ်ပြန်စီ ထမင်းခွံ့ကျွေးသည့် ဓလေ့လည်းရှိသည်။ သတို့သားက သတို့သမီးအား မိဘကသမီးမွေးသည့်အတွက် ငွေငါးကျပ်ကိုနို့ဖိုးအဖြစ် ကန်တော့ရသည်။ ထို့အပြင် အပျိုဖက်က






D/mai than myint

ဆွေမျိုးများအတွက် တစ်အိုးစားလျှင်တစ်ကျပ်၊ နှစ်အိုးစားလျှင်နှစ်ကျပ်စသည်ဖြင့် ငွေကြေးပေးရသည်။ ထိုသို့ပြုလုပ်ခြင်းမှာ နောင်တစ်နေ့ လင်မယား သဘောထားကွဲလွဲပါက ဆွေမျိုးများကို သက်သေထူပြီးသတို့သား၊ သတို့သမီးတို့အား ဆုံးမရန်ဖြစ်သည်။

အချို့ဒေသများတွင် လက်ထပ်ပွဲပြုလုပ်လျှင် ၄က်ပျောပွဲကိုပြင်၍ ငါးချဉ်ထုပ်များကို အုပ်ဆောင်းထဲတွင်ထည့်ထားသည်။ ရွာထဲမှ အသက်ကြီးရင့်သူတို့က ထိုအထုပ်များကိုဖြေပြီး ညှော်သည်များကိုကျွေးမွေးသည်။ ရွှေ၊ ငွေထည့်ထားသည့်ရေကို လက်ထပ်ပေးသူလူကြီးက သတို့သမီးကိုတိုက်သည်။ သတို့သမီးမှ တဆင့်သတို့သားအားတိုက်သည်။ လက်ဖွဲ့သောဓလေ့ရှိသည်။ သတို့သမီးအရံ၊ သတို့သားအရံနှင့် လက်ပေးသူတို့သည် မိဘစုံလင်စွာရှိပြီး ငယ်လင်၊ ငယ်မယား အိမ်ထောင်စုံများဖြစ်ရသည်။ လူပျို၏မိဘများကအပျို ၏မိဘများထံသမီးတောင်းရာ တွင်တင်တောင်းသောပစ္စည်းမှာ ရွှေ၊ ငွေ၊ အဝတ်အစားများသာဖြစ်သည်။ အိမ်နှင့်မြေယာများကို တင်မတောင်းကြပေ။ လက်ထပ်ပွဲကုန်ကျငွေကို ယောက်ျားလေးဖက်က အကုန်ခံရသည်။







D/mai than myint

ရှမ်းပြည်နယ်မြောက်ပိုင်း အချို့ဒေသများတွင် မိန်းကလေးကို သွားရောက်တောင်းယူရာတွင် ရေအပြည့် ပါသောရေတကောင်းတစ်ခု၊ နှစ်တောင်ပတ်လည်ရှိသော ဖျာချောတစ်ချပ်၊ ကွမ်းဆေးအစုံထည့်ထားသော ကွမ်းအစ် တစ်လုံး၊ ဆေးလိပ်ထည့်ထားသော ဆေးလိပ်ခွက်တစ်ခွက် နှင့်သွားတောင်းရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အချို့ဒေသများတွင် လက်ဖက်စိုတစ်ပိသာ၊ ဆားတစ်ပိသာ၊ ကြံသကာ တစ်ပိသာ၊ ဆင်အန်ငှက်ပျောဖီးတစ်ဖီးနှင့် မိန်းကလေး မိဘသို့မဟုတ်အုပ်ထိန်းသူထံ လာရောက်ကန်တော့ပြီး မိန်းကလေးဝတ်ဆင်ရန် ရွှေတိုငွေစအဆင်တန်ဆာများ ကိုပါ ယူဆောင်သွားရသည်။

တောင်းရမ်းရာတွင် ကွမ်းတော့တော်ခေါ်တစ်ဖက် နှင့်တစ်ဖက် အချီအချစကားပြောဆိုရာတွင် ကြားဝင် ပြောရမည့်စကားပြောလိမ္မာကျွမ်းကျင်သူ၊ အာဝဇ္ဇန်းရှိပြီး လူမှုရေးရာသိနားလည်သူ (အများအား ဖြင့်လူပျိုခေါင်း) တစ်ယောက်ယောက်ကို ငှားရမ်းခေါ်ဆောင်ကာသွား ရောက်တောင်းလေ့ရှိသည်။ ခွန်ဆမ်လောဝ်နှင့်နန်းဦးပြင်




盛太乐

တို့ကိုအစွဲပြုပြီး သတို့သား၊ သတို့သမီးအိမ်သို့အလာလမ်းတွင် ရွှေကြိုး၊ ငွေကြိုး တားကြသည်။ လက်ထပ်ပြီးခုနှစ်ရက် အတွင်းခရီး ထွက်လေ့မရှိကြပေ။ ယောက္ခမအိမ်တွင်အနည်းဆုံး တစ်နှစ်နေပြီးမှ အိမ်ထောင်ခွဲလိုကခွဲနေကြလေ့ရှိသည်။

# မှီငြမ်းကိုးကားချက်များ

(၁) မြတ်တိုးဝေ ပညာရေးတက္ကသိုလ် ရေးသားသော လေဘ်ဝေါ်ရိုးရာယဉ်ကျေးမှုဓလေ့များ စာအုပ်မှ မှီငြမ်းသည်။

(၂) သုတေသနအဖွဲ့၊ မနုဿဗေဒဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်)မှ မနုမနောတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပထမအကြိမ်၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလထုတ် စာအုပ်နှင့် ဦးပီမောင်စိုး(လွိုင်ကော်)၊ ကယန်းတိုင်းရင်းသား သမိုင်း၊ ပထမအကြိမ် ၂၀၁၈ ခုနှစ် မတ်လထုတ် စာအုပ်များမှ မှီငြမ်းသည်။

(၃) ၂-၈-၂၀၂၀ နေ့နှင့် ၉-၈-၂၀၂၀ နေ့ထုတ်ကြေးမုံ သတင်းစာအထူးကဏ္ဍ တိုင်းရင်းသားရေးရာ အချပ်ပိုမှ ကူးယူဖော်ပြသည်။

(၄) ကုမ်သီပွဲတော်ကျင်းပနိုင်ရေးစီမံချက်၊ ချို(ချင်း)အဖွဲ့ ကော်မတီမှ ဦးထန်းမာန်(ကော်မတီအဖွဲ့ဝင်)နှင့် တွေ့ဆုံမေးမြန်း၍ ဖော်ပြသည်။

(၅) ကိုညတ်နာဂစာပေနှင့် သမိုင်းပြုစုရေးအဖွဲ့မှ ပြုစု၍ စစ်ကိုင်းတိုင်းညွှန်ကြားရေးမှူးရုံးမှပေး ပို့သည်။

(၆) မောင်လှိုင်းဇော(ထားဝယ်)ရေးသားသော ထားဝယ် ဓလေ့မိုးခေါ်ပွဲအား တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ပေးပို့သည်။

(၇) မွန်အရှင်ဉာဏဝံသ(ကော့ဗိန်း)၏ မွန်တို့၏ စာပေ ယဉ်ကျေးမှုနှင့် ဘာသာတရားစာအုပ်မှ မှီငြမ်း ကိုးကား၍ နိုင်ညွှန့်ဝင်း(ပြည်နယ်မွန်စာပေနှင့် ယဉ်ကျေးမှုအသင်း)မှ ပေးပို့သည်။

(၈) ၆-၁-၂၀၁၉ နေ့ထုတ်ကြေးမုံသတင်းစာ အထူးကဏ္ဍ တိုင်းရင်းသားရေးရာအချပ်ပိုမှ ကူးယူဖော်ပြသည်။

(၉) တေမရာဇကျောက်စာမင်ကူးမူဝါ ကျောင်းဆရာ ပဏ္ဍိတ်ရေးသားသော ရခိုင်ရာဇဝင်လင်္ကာ၊ အမျိုးသမီးသူရဲကောင်း အထုပ္ပတ္တိစာအုပ်မှ မှ ီငြမ်း သည်။

(၁၀) Tai History (တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများ မြန်မာ့ဆိုးရှယ်လစ်လမ်းစဉ်ပါတီ) စာအုပ်မှ မှီငြမ်း သည်။